


# စာအုပ်များကို ကယ်တင်သူ

ပီ (မြန်မာပြန်သည်)

# THE CAT WHO SAVED BOOKS

SOSUKE NATSUKAWA

mgyoe.com
SAMPLE BOOK

mgyoe.com SAMPLE BOOK

အင်တာရိုက မမြင်ရသော နားထောင်သူကို တတ်နိုင်သမျှ အားစိုက်ပြီး ရှင်းပြသည်။

"စာအုပ်တစ်အုပ်ရဲ့ စွမ်းအားဆိုတာ တခြားလူတွေကို ဂရုစိုက်ပေးတတ်ဖို့ပဲ။ ဒီစွမ်းအားက လူတွေကို အချင်းချင်း အပြန်အလှန် ဂရုစိုက်ပေးဖို့ ခွန်အားတွေ ပေးတာပဲ"


အင်တာရို ခဏနားလိုက်ပြီး နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ခင်ဗျား မေ့သွားမှာ စိုးလို့ နောက်တစ်ခေါက် ထပ်ပြောမယ်"

အင်တာရို ရှိသမျှ ခွန်အားကို ညှစ်ထုတ်ကာ ပြောလိုက်သည်။

"တစ်လောကလုံး ကြားအောင် ပြောလိုက်မယ်။ စာအုပ်တွေရဲ့ စွမ်းအား ဆိုတာ မျှဝေခံစား ပေးနိုင်ခြင်းပဲ"

သူ့အသံသည် ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုထဲတွင် ပဲ့တင်ထပ်သွားသည်။



Illustrated by mar na

ISBN 978-99986-52-16-3

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀


မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - လပြည့်လင်း ပုံနှိပ်တိုက်(၀၀၃၆၉)၊ အမှတ်-၁၁(H)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- မာဏ

တန်ဖိုး - ၇၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK




# စာအုပ်များကို ကယ်တင်သူ

**မီ**

(မြန်မာပြန်သည်)

mgyoe.com

mgyoe.com SAMPLE BOOK


- နိဒါန်း
- ဝက်ံပါအမှတ်(၁) : စာအုပ်များကိုအကျဉ်းချထားသူနှင့်တွေ့ဆုံခြင်း
- ဝက်ံပါ အမှတ် (၂) : စာအုပ်များကို ပုံဖျက်သူနှင့် တွေ့ဆုံခြင်း
- ဝက်ံပါ အမှတ် (၃) : စာအုပ်ရောင်းသူနှင့် တွေ့ဆုံခြင်း
- နောက်ဆုံး ဝက်ံပါ
- နိဂုံး


mgyoe.com

mgyoe.com SAMPLE BOOK

နိဒါန်း

ဤအဖြစ်အပျက်ကို သူ မည်မျှပင် လက်မခံချင်ပါဟု ဆိုသော်ငြား အမှန်တကယ် ဖြစ်ပျက်နေသည်ကိုတော့ သူ့စိတ်က အလိုလို သိနေသည်။

မနက်ခင်းတွင် နေထွက်လာဘိသကဲ့သို့ မုန့်စား ကျောင်းဆင်းချိန်တွင် ဝမ်းဗိုက်ထဲက တကြုတ်ကြုတ်မြည်အောင် ဆာလာဘိသကဲ့သို့ အဖြစ်အပျက်က စစ်မှန်လွန်းနေသည်။ မျက်စိကို မှိတ်၊ နားကို ပိတ်ပြီး သူ ဘာမှ မသိကြောင်း သူ့ကိုယ်သူ လိမ်ဆယ်ကြည့်သော်လည်း အဘိုးသည် အသက် ပြန်ရှင်လာခြင်း မရှိခဲ့ပေ။

အင်တာရိ နာဆူကီသည် ရက်စက်လှသည့် ကံကြမ္မာအား ရင်ဆိုင်ရန် ခက်ခဲလှသဖြင့် တစ်ယောက်တည်း နှုတ်ဆိတ်၍သာ နေသည်။ အသုဘ အခမ်း အနားကို တက်ရောက်ကြသူများထဲတွင် အချို့ကတော့ သူ့ကို ကြည့်၍ "အင်တာရိ လေးဟာ သိပ်ကို တည်ငြိမ်ရင့်ကျက်တဲ့ လူငယ်လေးပါလား" ဟု မှတ်ချက်ပြု သူများ ရှိသလို အရင်းနှီးဆုံး မိသားစုဝင်တစ်ယောက်အား ရုတ်တရက် ဆုံးရှုံး လိုက်ရသည့် အထက်တန်းကျောင်းသား တစ်ယောက်အနေနှင့် သူ့စိတ် သူ သိပ်ကို ထိန်းချုပ်ထားလွန်းသည်ဟု ဆိုကာ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့် ပူပန်နေကြသူများလည်း ရှိသည်။ အင်တာရိသည် ထောင့်လေး တစ်ထောင့် တွင် ဖင်ကို ကျောက်ချ ထိုင်ပြီး အဘိုးဓာတ်ပုံကို မျက်တောင်မခတ်ဘဲ ကြည့်နေ မိ၏။

mgyoe.com

mgyoe.com

SAMPLE BOOK


တကယ်တော့ အင်တာရိုသည် အများထင်သလို အနည်းငယ်မျှ တည်ငြိမ်နိုင်ခြင်း မရှိသလို မြူတစ်မှုန်စာမျှပင် ရင့်ကျက်ခြင်းလည်း မရှိပါ။ သေခြင်းတရားသည် သူ့အတွက် စိမ်းလွန်းသည့် ဝေါဟာရတစ်ခု ဖြစ်သည်။ (သေခြင်းတရား ဆိုသည်မှာ အဘိုးနှင့် လားလားမှ မအပ်စပ်သော အရာဟု သူ မှတ်ယူထားခဲ့သည်။) သေခြင်းတရားနှင့် အဘိုးကြားက ဆက်စပ်မှုကိုလည်း ယခုအချိန်အထိ သူ ပုံဖော်၍ မရသေး။ သေခြင်းတရားဟာ ဘဝကို ရှုံးရှုံးရှင်းရှင်း ဖြတ်သန်းနေသည့် အဘိုးဆီကို အချိန်မရွေး ရောက်လာနိုင်ပါလား ဆိုတာကိုလည်း သူ တစ်ခါမျှပင် မတွေးခဲ့ဖူးပါ။ ဝင်သက်၊ ထွက်သက်မဲ့စွာ လဲလျောင်းနေသည့် အဘိုးကို ထိုင်ကြည့်ရင်း အင်မတန် စုတ်ချာသည့် ပြဇာတ်တစ်ပုဒ်ကို ကြည့်နေရသကဲ့သို့ အထီးကျန်လာသည်။

ခေါင်းတလားအဖြူထဲတွင် လဲလျောင်းနေသည့် အဘိုးသည် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်နှယ်။ ဒီလိုသာ မဖြစ်ခဲ့လျှင် အဘိုးသည် ပုံမှန်အတိုင်း အိပ်နေရာကနေ နိုးလာပြီး "အိမ်း" ဟု ခပ်တိုးတိုး ရေရွတ်ရင်း ရေနံဆီမီးအိမ်ကို မီးထွန်းလိမ့်မည်။ ထို့နောက် ထုံးစံအတိုင်း ကော်ဖီတစ်ခွက် ဖျော်လိမ့်မည်။ ဤသို့သော နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်နေရမည့်အစား အဘိုးသည် ခေါင်းတလားကြီးထဲတွင် ငြိမ်သက် တည်ကြည်စွာဖြင့် ထာဝရ အိပ်စက် အနားယူနေတော့သည်။

ဓမ္မတေး ရွတ်ဖတ်သံ ခပ်တိုးတိုးလေး ထွက်လာသည်။ အသုဘလိုက်ပို့သူ တစ်ယောက်ပြီး တစ်ယောက် အင်တာရို အနားသို့ ရောက်လာပြီး အားပေးကြသည်။

အဘိုးကတော့ အနိစ္စ ရောက်သွားရှာပြီ။

အရှိတရားသည် အင်တာရို၏ နှလုံးသည်းပွတ်ဆီသို့ ဖြာထွက် အမြစ်တွယ်လာသည်။ နောက်ဆုံးတွင်တော့ စိတ်ကို ချုပ်တည်းထိန်းချုပ်ထားရာမှ လွန်မြောက်လာပြီး စကားလုံး အချို့ကို ဖျစ်ညှစ်ထုတ်နိုင်လာသည်။

"ရင်ထဲမှာ တစ်လောကလုံး ပြောင်းဆန်နေတာပဲ အဘိုးရေ"

အဘိုးထံမှ မည်သည့်တုံ့ပြန်သံမျှ မကြားရပါချေ။

***

mgyoe.com

m g y o e . c o m  SAMPLE BOOK 

အင်တာရို နာဆူကီသည် သာမန် အထက်တန်းကျောင်းသား တစ်ယောက်သာ ဖြစ်သည်။ သူ့ကိုယ်လုံးကိုယ်ပေါက်မှာ ပုပုပျပ်ပျပ်၊ ပုလင်းဖင်လောက် ထူသည့် မျက်မှန်ကို တပ်ထားပြီး စကား အင်မတန်နည်းသည်။ ကျောင်းမှ ဘာသာရပ် များထဲတွင် သူ ထူးချွန်သည့် ဘာသာရပ် ဟူ၍ မရှိသကဲ့သို့ အားကစားအရာ တွင်လည်း မထင်ရှားသည့် အုတ်ရောရောရော၊ ကျောက်ရောရော သာမန် ကျောင်းသား တစ်ယောက်မျှသာ ဖြစ်သည်။

အင်တာရို ငယ်စဉ်ကပင် မိဘများ အိမ်ထောင်ကွဲသွားခဲ့သည်။ မူလ တန်းကျောင်းသားအရွယ် သူ့အမေ ကွယ်လွန်သွားစဉ်ကတည်းက ဘိုးအေဖြစ်သူ နှင့်သာ အတူနေဖြစ်တော့သည်။ ထိုစဉ်ကတည်းပင် မြေးအဘိုးနှစ်ယောက် သည် နှစ်ယောက်တည်း တစ်ကမ္ဘာ တည်ဆောက်၍ နေလာခဲ့သည်၊ အထက်တန်း ကျောင်းသား တစ်ယောက်အတွက် အဘိုးသည်သာ တစ်ကမ္ဘာ၊ အဘိုးမှ အဘိုး ဖြစ်နေသည်မှာ အခြားသော ကျောင်းသားများအတွက် ထူးဆန်းနေမည် ဖြစ်သော် လည်း အင်တာရိုအတွက်တော့ ပုံမှန်ကဲ့သို့ပင် နေသားကျနေခဲ့ပြီ။

သူ့ကမ္ဘာကြီး ဖြစ်ခဲ့သည့် အဘိုးတစ်ယောက် ရုတ်တရက် လူ့လောက ကြီးကို အပြီးတိုင် နှုတ်ဆက်သွားသောအခါ သူ၏ ဇာတ်လမ်းသည် ပို၍ ရှုပ်ထွေး ပွေလီလာခဲ့သည်။

ခါတိုင်းဆိုလျှင် အဘိုးက မနက်စောစော ထတတ်သည်။ ထိုနေ့က တော့ အဘိုးကို မီးဖိုခန်းထဲတွင် မတွေ့။ အဘိုး၏ အခန်းမှိန်မှိန်ထဲသို့ ခေါင်းတိုး ကြည့်လိုက်သောအခါ အိပ်ရာပေါ်တွင် လဲလျောင်းနေသော အသက် မရှိတော့ သည့် အဘိုးကို တွေ့ရသည်။ ဝင်သက်၊ ထွက်သက် မဲ့နေသော အဘိုးကို ကြည့် ရသည်မှာ ဘာရောဂါဝေဒနာမှ ခံစားခဲ့ရပုံ မပေါ်၊ အိပ်ပျော်နေသည့် ပုံကို ထုထားသည့် ရုပ်တုတစ်ခုကို ကြည့်ရသလိုပင်။ ဆရာဝန်ကတော့ နှလုံးသွေး ကြော ပိတ်ဆို့ပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့သည်ဟု မှတ်ချက်ပြုသည်။

"အဘိုး ဘဝကူးသွားပုံဟာ အင်မတန် အေးအေးချမ်းချမ်း ရှိတာပဲ"

ဂျပန် ခန်းဂျီးစာလုံးမှ 'သွားသည်' နှင့် 'အသက်ရှင်သည်' ဆိုသည့် စာလုံးနှစ်လုံးကို တွဲစပ်လိုက်သောအခါ 'ကွယ်လွန်အနိစ္စရောက်သည်' ဟူသည့် အဓိပ္ပာယ်ကို ထွက်လာသည်။ ဤစကားလုံးသည် အင်တာရိုကို နေစရာ မရှိ အောင် တုန်လှုပ် ချောက်ချားစေသည်။

m g y o e . c o m

mgyoe.com

SAMPLE BOOK


ဆရာဝန်က အင်တာရှိတို့ မိသားစု အခြေအနေကို သတိထားမိသော ကြောင့် အနီးနားမြို့လေးတွင် နေထိုင်သည့် အင်တာရှိ၏ အန်တီထံသို့ အကြောင်း ကြားလိုက်သည်။

စိတ်ကောင်း စေတနာ ရှိပြီး ထက်ထက်မြက်မြက်လည်း ရှိသည့် အန်တီ သည် သေစာရင်းပြုလုပ်သည်မှအစ အလောင်းမြေကျသည်အထိ ကိစ္စအထွေထွေ ကို စီမံဆောင်ရွက်ပေးသည်။ အန်တီ့ ရှေ့တွင် အင်တာရှိ ပူဆွေး ပြိုလဲပစ်လိုက် ချင်သော်ငြား အဘိုး၏ နာရေးစာတ်ပုံရှေ့တွင် ဝမ်းပန်းတနည်း မငိုမိအောင် ထိန်းထားသည်။ သူ ငိုပစ်လိုက်လျှင် ခေါင်းတလားထဲမှ အဘိုးသည် သူ့ကို မငိုဖို့ လှမ်းပြောရင်း မျက်နှာကြီး မဲ့လာမည်ဟု ထင်မိသည်။

နောက်ဆုံးတော့ အဘိုးအား နှုတ်ဆက်ဂါရဝ ပြုခြင်းကိစ္စ တိတ်ဆိတ် စွာ ပြီးဆုံးသွားခဲ့သည်။ သူ့အတွက် ကျန်နေခဲ့သည်မှာ ဆွေမျိုးရင်းချာဟု ဆိုသော အန်တီတစ်ယောက်နှင့် စာအုပ်ဆိုင် တစ်ဆိုင်ပင် ဖြစ်သည်။

နာဆူကီ စာအုပ်အရောင်းဆိုင်သည် မြို့စွန်တွင် ဖွင့်ထားသည့် စာအုပ် အဟောင်း ရောင်းဝယ်သော ဆိုင်လေးတစ်ဆိုင် ဖြစ်သည်။ ဆိုင်ကလေး၏ ဝင်ငွေသည် အကြွေးတင်ရလောက်အောင်လည်း အရှုံးမပေါ်သလို သူဌေးဖြစ် လောက်အောင်လည်း မကောင်း၊ ပုံမှန်လေး လည်ပတ်နိုင်ရုံမျှသာ။

***

"ဟေး နာဆူကီ... ဒီမှာ စာအုပ်အကောင်းတွေ အများကြီး ရှိသားပဲဟ"

အင်တာရှိ၏ အနောက်ဘက်မှ လာသော ကောင်လေးတစ်ယောက် ၏ အသံဖြစ်ပေမယ့် လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့"

အင်တာရှိ၏ မျက်လုံးများက သူ့ရှေ့ စာအုပ်စင်ပေါ်မှ မခွာနိုင်။ စာအုပ် အပြည့် အစီအရီ စီထားသော စာအုပ်စင်ကြီးသည် ကြမ်းပြင်မှ မျက်နှာကြက် အထိ တန်းတလျားကြီး ရှိနေသည်။

ရှိတ်စပီးယား(Shakespeare)၊ ဝေ့ဒ်စဝို့ (Wordsworth)၊ ဒူမတ်စ် (Dumas)၊ စတန်းဒိုင်လန် (Stendhal)၊ ဖော်ကနာ (Faulkner)၊ ဟဲမင်းဝေး (Hemingway)၊ ဂိုးဒင်း (Golding) အစရှိသော နာမည်ကြီး စာရေးဆရာများ၏ စာအုပ်တွေ တန်းစီလျက်။ စာအုပ်စင် ပေါ်မှ ပထမအကြိမ်ထုတ် စာအုပ်ထူကြီး အချို့ကလည်း

mgyoe.com

mgyoe.com SAMPLE BOOK


အင်တာရိုကို ငုံ့ကြည့်နေသယောင်။ ဆိုင်မှ စာအုပ်များသည် စာအုပ်အဟောင်းများ ဖြစ်သော်ငြား အဘိုး၏ ကျွမ်းကျင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မှု အောက်တွင် ရှိခဲ့သောကြောင့် တွန့်ကြေ ရွဲပြဲနေသော စာအုပ်ဟူ၍ တစ်အုပ်မျှပင် မရှိချေ။

အင်တာရို၏ အနီးနား ကြမ်းပြင်တွင် ရှိသော အပူပေးစက်ကြောင့် တစ်ဆိုင်လုံး နွေးထွေးနေပေမယ့် သူ့စိတ်ထဲတွင်တော့ အေးတိအေးစက် ဖြစ်နေသည်။

"ဒီစာအုပ် နှစ်အုပ် ယူမယ်၊ ဘယ်လောက်ကျလဲ"

အင်တာရို လှည့်လာပြီး စာအုပ်နှစ်အုပ် ကိုင်ကြည့်ရင်း–

"ယန်း သုံးထောင့်နှစ်ရာပါ" ဟု အေးတိအေးစက် ပြန်ပြောလိုက်သည်။

"မင်း မှတ်ဉာဏ်ကောင်းချက်ကတော့ အောချလောက်ပါတယ်ကွာ"

စာအုပ် လာဝယ်သူက အင်တာရိုတို့ ကျောင်းကပင်။ အင်တာရိုထက် တစ်နှစ်ကြီးသည်။ နာမည်က ရိုတအာခိဘ။ အရပ်ရှည်ရှည်၊ ကိုယ်နေဟန် ကျစ်ကျစ်လျစ်လျစ် ရှိပြီး မျက်နှာရွှင်၍ တည်တည်တံ့တံ့ နေတတ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိတတ်ပြီး မျက်နှာမြင် ချစ်ခင်ပါစေ ဆိုသော ဆုတောင်း ပြည့်ခဲ့ပုံ ပေါ်သည်။ ဘော့စ်ဘောအားကစားကို စနစ်တကျ လေ့ကျင့်ထားသူပီပီ ကိုယ်လုံးကိုယ်ပေါက် သန်မာသည်။ ယခုနှစ်အတွက် တစ်ကျောင်းလုံးတွင် အထူးချွန်ဆုံး ကျောင်းသား တစ်ယောက်လည်း ဖြစ်သည်။ ထို့အပြင် သူသည် ဆရာဝန်တစ်ဦး၏ သားလည်း ဖြစ်နေသေးသည်။ ရိုတအာခိဘသည် ကျောင်းစာအပြင် ပြင်ပတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားတတ်သူ တစ်ဦး ဖြစ်သည်။ အင်တာရို၏ ဆန့်ကျင်ဘက်လူသားကို ပြပါ ဆိုလျှင် ရိုတ အာခိဘကိုသာ လက်ညှိုးထိုးပြရပေမည်။

"ဒါတွေအားလုံး ယူမယ် ဆိုရင်ကော ဈေးမလျှော့တော့ဘူးလား"

ပြောပြောဆိုဆိုနှင့် အာခိဘက နောက်ထပ် စာအုပ် လေးငါးခြောက်အုပ်လောက်ကို စားပွဲပေါ် ထပ်တင်လိုက်သည်။ စွယ်စုံရ အာခိဘသည် စာကြမ်းပိုး တစ်ယောက် ဖြစ်သည့်အပြင် နာဆူကီ စာအုပ်ဆိုင်၏ ပုံမှန် ဖောက်သည်လည်း ဖြစ်သည်။

"သိတယ် မဟုတ်လား၊ စာအုပ်ဆိုင်တွေထဲမှာ ဒီဆိုင်က တော်တော်လန်းတာကွ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ကျေးဇူးပါပဲဗျာ၊ စာအုပ်တွေကို အေးအေးဆေးဆေး ရှာပါ။ ကျွန်တော်တို့ ဂိုဒေါင်ရှင်းတဲ့ အနေနဲ့ ရောင်းတာပါ"

အင်တာရှိ၏ တုံးတိတိ ပြောဆိုသံကို နားထောင်ရင်း အတည်ပေါက်ပြောနေသလား၊ နောက်နေတာလား အာခိဘ ဝေခွဲမရ ဖြစ်နေသည်။ အာခိဘ ခဏလောက် ငြိမ်ကျသွားပြီး–

"အဘိုး တစ်ယောက်လုံးကို ဆုံးရှုံးလိုက်ရတော့ မင်း တော်တော်စိတ်ထိခိုက်နေမှာပဲ" ဟု စကားလုံးများကို သတိထားပြီး ပြောသည်။ အာခိဘက အနီးနားက စာအုပ်စင်ဆီကို အကြည့်ပြောင်းလိုက်ပြီး စာအုပ်လိုက်ရှာနေသယောင် ဟန်လုပ်နေလိုက်သည်။

"မနေ့တစ်နေ့ကတင်ပဲ အဘိုးက ဟိုနားလေးမှာ စာထိုင်ဖတ်နေသေးတယ်၊ ဒီနေ့တော့ အဘိုးက မရှိတော့ဘူး။ ကွေးသောလက် မဆန့်ခင် ဆိုတာ သိပ်မှန်တာပဲ" ဟု လွှတ်ခနဲ ပြောမိသည်။

"ဟုတ်ကဲ့၊ ကျွန်တော်လဲ ဒီလိုပဲ တွေးမိနေတာ" ဟု တတ်နိုင်သမျှယဉ်ကျေးအောင် ပြန်ဖြေလိုက်ပေမယ့် သူ့လေသံထဲတွင် ဘော်ဒါကဏ္ဍာရေးရာရင်းနှီးမှုပါ စိုးစဉ်းမျှ မပါပေ။ အာခိဘ အတွက်တော့ ထူးပြီး စိတ်ပျက်မသွားပေ။ စာအုပ်စင်ဆီက မျက်စိ မခွာနိုင်ဘဲ ဖြစ်နေသည့် အင်တာရှိကို အာခိဘက လှည့်ကြည့်လိုက်သည်။

"ငါ့ညီ... မင်း အဘိုး ဆုံးပြီးကတည်းက ကျောင်းမတက်တာကြီးကတော့ သိပ်မမိုက်ဘူးကွာ၊ အတန်းဖော်တွေ အားလုံးက မင်းကို စိတ်ပူနေကြတာကွ"

"အတန်းဖော်အားလုံး ဟုတ်လား၊ စိတ်ပူပေးရလောက်အောင် ရင်းနှီးတဲ့အတန်းဖော် ကျွန်တော့်မှာ မရှိပါဘူးဗျာ"

"အာ... ဟုတ်သားပဲ၊ မင်းမှာ သူငယ်ချင်းမှ မရှိဘဲကိုး။ ဒါပေမဲ့ အဘိုးကတော့ မင်း ကျောင်းမတက်တာကို သိရင် တမလွန်ကနေ စိတ်မကောင်းဖြစ်နေမှာပေ့ါ။ မင်းကို စိတ်မချတာနဲ့ပဲ သူ ဘယ်လိုလုပ် ကောင်းရာမွန်ရာကို စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်ပါ့မလဲ"

အာခိဘက သူ့ပင်ကိုပုံစံအတိုင်း ရင်ကို ထိစေမည့် စကားလုံးများကိုပညာသားပါပါနှင့် ချိုချိုသာသာလေး ပြောသည်။ နာဆူကီ စာအုပ်ဆိုင်နှင့်ဆက်စပ်ပြီး သိကျွမ်းလာရသည့် ညီငယ်လေးမို့ အာခိဘက ငြိမ်ကုပ်ကုပ်နေ

mgyoe.com

m g y o e . c o m  SAMPLE BOOK 

တတ်သည့် အင်တာရှိအပေါ် ပို၍ ကရုဏာသက်မိသည်။ ကျောင်းမှာ အင်တာရှိနှင့် ဆုံဖြစ်လျှင်လည်း အာလာပ သလ္လာပ စကားတွေ တကူးတက ပြောဖြစ်သည်။ ခုလည်း အာခိဘက စာအုပ်ဆိုင်ကို တမင်တကာ ဝင်လာပြီး အကျိုးအကြောင်း လာမေးသည်ပဲလေ။

အာခိဘက နှုတ်ခမ်းတင်းတင်း စေ့ထားသည့် အင်တာရှိကို ကြည့်နေသည်။ နောက်ဆုံးတွင်တော့ အာခိဘကပင် တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်။

"ဒါဆို မင်း ပြောင်းရတော့မှာပေါ့ ဟုတ်လား"

"ပြောင်းရတော့မယ် ထင်တာပဲ" ဟု အင်တာရှိက စာအုပ်စင်မှ မျက်လုံးမခွာဘဲ ပြန်ဖြေသည်။

"ကျွန်တော့် အန်တီနဲ့ အတူ သွားနေရမယ် ထင်ပါတယ်ဗျာ"

"အန်တီက ဘယ်မှာ နေတာလဲ"

"မသိဘူးဗျ၊ အဘိုး ဆုံးပြီးမှ ကျွန်တော် အန်တီ့ကို စမြင်ဖူးတာ"

အင်တာရှိက ဘာခံစားချက်မှ မပါဘဲ စကားကို ခပ်အေးအေး ပြောသဖြင့် အာခိဘ သူ့ကို ခန့်မှန်းရ ခက်နေသည်။

သက်ပြင်း ခပ်ပြင်းပြင်း တစ်ချက်ချပြီး အာခိဘက ရွေးထားသည့် စာအုပ်များကို ကောင်တာပေါ် တင်လိုက်သည်။

"ဒါ့ကြောင့် မင်းက ဂိုဒေါင်ရှင်းတဲ့ အနေနဲ့ ရောင်းနေတာပေါ့ ဟုတ်လား"

"ဟုတ်"

"နှမြောစရာကွာ၊ ဒီစာအုပ်ဆိုင်က စာအုပ်တွေက တခြားဆိုင်တွေနဲ့ မတူဘူးကွ။ ဒီဘက်ခေတ်မှာ ရှာရသိပ်ခက်တဲ့ ပရော့စ် (ပြင်သစ်စာရေးဆရာ)ရဲ့ စာအုပ်အစုံလိုက်ကိုတောင် ဒီမှာ HardCover နဲ့ ရှိတယ်။ Romain Rolland ရဲ့ 'The Enchanted Soul' ကိုလဲ ဒီဆိုင်မှာပဲ ရှာလို့ တွေ့တာ"

"အဘိုး ကြားရင် သိပ်ဝမ်းသာမှာ"

"သူသာ ဒီမှာရှိလို့ ဒီစကားကို ကြားနိုင်ရင် ကောင်းမှာကွာ။ မင်းသိလား။ ငါက မင်းက တစ်ဆင့် ဒီဆိုင်ကို သိတာ။ ဒီတော့ စာအုပ် အကောင်းစားတွေနဲ့ ထိတွေ့ခွင့်ရတာ မင်း ကောင်းမှုကြောင့်ပဲလို့ ပြောလို့ ရတယ်။ ခုတော့ မင်းက တခြားနေရာကို လစ်ရတော့မယ်"

m g y o e . c o m

mgyoe.com

SAMPLE BOOK


အာခိဘက သူ့ပုံစံအတိုင်း ပွင့်ပွင့်လင်းလင်း ကျေးဇူးတင်စကား ဆိုသည်။ အင်တာရိုက မည်သို့ တုံ့ပြန်ရမည်ကို မသိသောကြောင့် စာအုပ်ပေါင်းများစွာ အစီအရီ ရှိနေသည့် နံရံကြီးဆီကိုသာ စိုက်ကြည့်နေမိသည်။ စာအုပ်အဟောင်းဆိုင် တစ်ဆိုင်အနေနှင့် ဆိုရလျှင် ဆိုင်တွင် တင်ထားသည့် စာအုပ်များနှင့် စီးပွားရေးတစ်ခုအဖြစ် ရပ်တည်၍ ရနေသည်မှာ အနည်းငယ်တော့ ထူးဆန်းသည်။ ဆိုင်မှ စာအုပ်များသည် ယခုခေတ်ပေါ် စာအုပ်များ မဟုတ်။ အများစုမှာ နောက်တစ်ကြိမ် ထပ်မရိုက်တော့သော စာအုပ်များ ဖြစ်သည်။ အာခိဘ ပြောသည့် ချီးကျူးစကားများသည် အင်တာရိုအား အားပေးသည့်အနေနှင့် ပြောသည့် စကားများ မဟုတ်ပါ။ တကယ့် အဖြစ်မှန်များပင် ဖြစ်သည်။

"ဘယ်တော့ ပြောင်းရမလဲ" ဟု အာခိဘက မေးသည်။

"နောက်တစ်ပတ်လောက် ပြောင်းဖြစ်မယ် ထင်တာပဲ" ဟု ပြန်ဖြေသည်။

"ပြောင်းဖြစ်မယ် ထင်တာပဲ ဟုတ်လား၊ မသေချာ မရေရာတဲ့ အဖြေတွေကို ပေးတတ်တဲ့ နေရာမှာတော့ မင်းက တကယ့် ဆရာကြီးပဲနော်"

"ဘယ်အချိန်ပဲ ပြောင်းပြောင်း အရေးမကြီးပါဘူးဗျာ၊ ကျွန်တော့်မှာ ရွေးချယ်စရာမှ မရှိတော့တာကို"

"ငါကတော့ နောက်တစ်ပတ်အတွင်း မပြောင်းဖြစ်ဘူးလို့ ထင်တာပဲ"

အာခိဘက ပခုံးကို တွန့်လိုက်ပြီး ကောင်တာနောက်က နံရံပေါ် ချိတ်ထားသည့် ပြက္ခဒိန်ကို လှမ်းကြည့်ရင်း–

"နောက်တစ်ပတ်ဆို ခရစ္စမတ်တောင် ရောက်တော့မယ်လေ" ဟု ပြောလိုက်သည်။

"ကျွန်တော်ကတော့ ခရစ္စမတ်ကို ဂရုစိုက်မနေပါဘူးဗျာ။ ကျွန်တော့်မှာက အစ်ကို့လို ခရစ္စမတ်အတွက် ဘာအထူးအစီအစဉ်မှ ရှိတာမှ မဟုတ်တာ"

"အေး…ဟုတ်သား၊ မင်းပြောမှ သတိရတယ်။ ငါက ငါ့ဇယားတွေနဲ့ ငါရှုပ်နေတာဟ့၊ သိလား၊ ဒီနှစ်တော့ ငါ ဆန်တာကလော့စ်ကို မျက်မြင်ကိုယ်တွေ့ တွေ့ချင်လို့ ညလုံးပေါက် မအိပ်ဘဲ စောင့်ကြည့်မှာကွ"

အာခိဘက ပြောရင်းဆိုရင်း ဟက်ဟက်ပက်ပက် အော်ရယ်လေသည်။ အင်တာရိုကတော့ လိုက်မရယ်ဘဲ–

"တကယ်ကြီးလား" ဟု အေးစက်စက် ပြန်မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အာခိဘက ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး သက်ပြင်းချလိုက်သည်။

"နေပါဦး... မင်းက ပြောင်းတော့မှာမို့ ကျောင်းကို မသွားတော့ဘူးလို့ စိတ်ကူးနေတာလား။ ဒါပေမဲ့ မင်း အတန်းဖော်တွေကို နှုတ်ဆက်သွားသင့်တယ်လို့ မထင်ဘူးလား။ အတန်းထဲက သူငယ်ချင်းတွေက မင်းကို စိတ်ပူနေကြမှာ"

ကောင်တာပေါ်မှ မှတ်စုစာအုပ်များ၊ မိတ္တူစာရွက်များကို အာခိဘ တစ်ချက် ငေါ့ကြည့်လိုက်သည်။ ဒါတွေကို သူ ယူလာခဲ့ပေးတာ မဟုတ်။ အင်တာရို၏ အတန်းခေါင်းဆောင်မလေး အစောတုန်းက ယူလာခဲ့ပေးခြင်း ဖြစ်သည်။

သူ့နာမည်က ဆိုက်ယော့ယုဇုကိ။ အင်တာရိုနှင့် အိမ်နီးချင်းဖြစ်ပြီး မူလတန်းတည်းကပင် ခင်မင်ကြသည်။ ဆိုက်ယော့က စိတ်ဓာတ်ပြတ်သားပြီး ဘွင်းဘွင်းရှင်းရှင်း နေတတ်သူ။ ထို့ကြောင့် ခပ်အေးအေးနေတတ်သည့် (ဟိခိခိုမိုရိ) အိမ်တွင်းပုန်း အင်တာရိုနှင့် သိပ်ပြီး မတွဲဖြစ်ပေ။ စာအုပ်စင်ပေါ်မှ စာအုပ်များကို ခပ်ဝိုင်ဝိုင် ငေးနေသည့် အင်တာရိုကို ကြည့်ပြီး ဆိုက်ယော့ တစ်ယောက် သက်ပြင်း တချချနှင့် ဖြစ်နေခဲ့သည်။

"နင့်ကို ကြည့်ရတာကလဲဟာ... တစ်လောကလုံးကို ရှိတယ်လို့ကို မအောက်မေ့တော့တဲ့ ပုံစံကြီး။ အိမ်တွင်းပုန်းပြီး ငြိမ်ကုပ်ကုပ် နေရတာဟာ နင့်အတွက်တော့ ပျော်စရာကြီးပဲလား ဟင်၊ နင် အဲလိုနေရတာ တကယ်ရော အဆင်ပြေရဲ့လား"

အင်တာရိုက ပုခုံးတွန့်ပြသည်။ ဆိုက်ယော့က မျက်မှောင်ကြုတ်ပြီး အာခိဘဘက် အကြည့်ပြောင်းလိုက်သည်။

"အစ်ကိုကြီး ဒီမှာ ဘာလုပ်နေတာလဲ၊ ဘတ်စ်ကတ်ဘော ကလပ်က လူတွေက အစ်ကိုကြီးကို လိုက်ရှာနေကြတယ်"

ဆိုက်ယော့က ပြောပြောဆိုဆိုပင် အပြင်ဘက်သို့ ဘောက်ဆတ် ဘောက်ဆတ်နှင့် လှမ်းထွက်သွားတော့သည်။ အတန်းကြီးက စီနီယာအစ်ကိုများနှင့် စကားပြောရာတွင်လည်း တွန့်ဆုတ်ဆုတ် မရှိသည်မှာ ဆိုက်ယော့၏ မူလ ပုံစံပင် ဖြစ်သည်။ ထိုပုံစံလေးကို အင်တာရိုက အားကျလေးစားမိသည်။

"မင်းတို့ အတန်းခေါင်းဆောင်ကတော့ အဲဗား တက်ကြွလန်းဆန်းနေတာပဲ" ဟု အာခိဘက မှတ်ချက်ပေးသည်။

"မင်းကို သူ သိပ်ခင်ပုံပဲ၊ တကယ်ဆို မင်းအတွက် ဒီမှတ်စုစာအုပ်တွေကို သူကိုယ်တိုင် ယူလာမပေးလဲ ဖြစ်နေတာပဲလေ"

mgyoe.com

mgyoe.com

SAMPLE BOOK


အိမ်ချင်း နီးသည် ဆိုသော်လည်း ကိုယ့်အာငွေ့ကို မြင်ရလောက်အောင် ခိုက်ခိုက်တုန်နေသည့် အချိန်တွင် အိမ်ပြင်သို့ ထွက်လာပြီး မှတ်စုစာအုပ်များကို အရောက်လာပို့သည့် ဆိုက်ယော့၏ ဝါယမစိုက်ထုတ် ကူညီမှုကိုတော့ အင်တာရို အသိအမှတ်ပြု ခံစား နားလည်မိသည်။

"အားလုံးပေါင်း ယမ်း ခြောက်ထောင် ကျပါတယ်" ဟု အင်တာရိုက ဈေးစကား ဆိုသည်။ အာခိဘက မျက်ခုံးတွန့်လိုက်ပြီး–

"ဂိုဒေါင်ရှင်း ရောင်းဈေး ဆိုပေမဲ့ ဈေးကြီးတုန်းပဲနော်"

"တစ်ဆယ်ရာခိုင်နှုန်းတောင် လျှော့ပေးထားပါတယ်။ ဒီ့ထက်တော့ ပိုမလျှော့နိုင်တော့ဘူးဗျာ။ အစ်ကို ရွေးထားတဲ့ စာအုပ်တွေက တကယ့် မာစတာပိစ်တွေ"

"နာဆူကီ ပီသပါပေတယ်ဗျာ" ဟု အာခိဘက ပြောရင်း အော်ရယ်သည်။ သူ့ ပိုက်ဆံအိတ်ထဲမှ အကြွေများကို ထုတ်ပေးပြီး ကောင်တာပေါ် တင်ထားသည့် မာဖလာနှင့် လက်အိတ်ကို ကောက်ယူလိုက်သည်။ လွယ်အိတ်ကို သေသေချာချာ လွယ်ပြီး "မနက်ဖြန် ကျောင်းကို သေချာပေါက် လာခဲ့နော်" ဟု ပြောရင်း ခပ်ရွှင်ရွှင် ပြုံးပြပြီး ဆိုင်ထဲမှ ထွက်သွားတော့သည်။

နာဆူကီ စာအုပ်ဆိုင်လေးသည် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။ အပြင်ဘက်တွင် တိမ်တွေ တောက်နေသည်။ အခန်းထောင့်မှ အပူပေးစက်ကလေးတွင် ရေနံဆီ ကုန်လုပြီ။

အပေါ်ထပ် တက်ပြီး ညစာ ပြင်ရတော့မည်။ ဤသည်မှာ အဘိုး ရှိစဉ်ကပင် အင်တာရို၏ ပင်တိုင်တာဝန် ဖြစ်ခဲ့သောကြောင့် အခက်အခဲ သိပ်မရှိလှပေ။

သူ မလှုပ်မယှက်နှင့် ဆိုင်တံခါးကိုသာ စိုက်ကြည့်နေမိသည်။

နေဝင်သွားခဲ့ပြီ။ အခန်းထဲမှ အပူပေးစက်သည်လည်း ငြိမ်းသွားခဲ့ပြီ။ ဆိုင်တစ်ဆိုင်လုံး အအေးဓာတ်များ မင်းမူလာသည့်တိုင် အင်တာရို တုပ်တုပ်မျှ မလှုပ်ဖြစ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ဝက်ံပါ အမှတ် (၁) ： စာအုပ်များကို အကျဉ်းချထားသူနှင့် တွေ့ဆုံခြင်း

နာဆူကီ စာအုပ်ဆိုင်သည် မိန်းလမ်းမကြီးနှင့် ခပ်ဝေးဝေး ချောင်ကျကျ နေရာတွင် တည်ရှိသည်။ စာအုပ်အထားအသိုမှာ အခြားဆိုင်များနှင့် မတူ။

ဆိုင်အဝင်ဝမှ ဆိုင်နောက်ထဲထိ လျှောက်လမ်းတစ်ခုသာ ရှိသည်။ လျှောက်လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ရှိသော စာအုပ်စင်များသည် မျက်နှာကြက်အထိ မြင့်သည်။ စာအုပ်စင်တိုင်းတွင် စာအုပ်များ အစီအရီ အပြည့်အသိပ် ရှိသည်။ ရှေးဟောင်း မီးအိမ်များကို စာအုပ်စင် အပေါ်ဘက်တွင် တွဲလောင်းချိတ်ဆွဲထားသည်။ မီးအိမ်များမှ အလင်းမှိန်မှိန်လေးတွေသည် ပေါလစ် ပြောင်နေအောင် တိုက်ထားသည့် ကျွန်းကြမ်းပြင်ပေါ်တွင် အလင်းပြန်နေသည်။

လျှောက်လမ်း တစ်ဝက်ခန့် အရောက်တွင် အရောင်းကောင်တာအဖြစ် အသုံးပြုသည့် သစ်သားစားပွဲ တစ်လုံး ရှိသည်။ စားပွဲဘေးတွင် ခွေးခြေခုံ နှစ်ခုံသာ ရှိသည်။ အခြားအိမ်တွင်းသုံး ပရိဘောဂပစ္စည်း တစ်ခုမျှ မရှိ။ ဆိုင်၏ အနောက်ဘက် လျှောက်လမ်းအဆုံးတွင် အချောသပ်မထားသည့် သစ်သား အကြမ်းထည် နံရံတစ်ခု ရှိသည်။ နေ့ခင်း အလင်းရောင်ထဲမှ ဆိုင်ထဲသို့ ဝင်လာသူများ၏ အမြင်တွင် လျှောက်လမ်းသည် နဂို ရှိရင်း အလျားထက် ပိုရှည်သည်ဟု ထင်ရသည်။ ဘေးတစ်ဖက်တစ်ချက်ရှိ စာအုပ်နံရံကြီးများကြောင့် အဆုံးမရှိသည့် လျှောက်လမ်းကြီးကို လျှောက်နေရသည့်နှယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


မီးအိမ် အောက်တွင် တိတ်ဆိတ်စွာ စာထိုင်ဖတ်နေသည့် အဘိုး၏ ပုံရိပ်ကောက်ကြောင်းသည် အကျော်အမော် ပန်းချီဆရာတစ်ယောက် ရေးဆွဲထားသည့် ဆီဆေးပန်းချီကား တစ်ချပ်လို အင်တာရှိ၏ မှတ်ဉာဏ်ထဲတွင် ရှင်းရှင်းလင်းလင်း၊ ထင်ထင်ရှားရှား နေရာယူထားသည်။

*"စာအုပ်တွေမှာ အာဂ အစွမ်းပကားတွေ ရှိတယ်"*

ဤသည်မှာ အဘိုး၏ လက်သုံးစကားပင် ဖြစ်သည်။

အဘိုး၏ ပင်ကိုစရိုက်သည် စကားနည်းသူ ဖြစ်သည်။ သို့သော် စာအုပ်အကြောင်း စကားစမိပြီ ဆိုလျှင်တော့ ကရားရေလွှတ် တတွတ်တွတ် ပြောတော့သည်။ စာအကြောင်း ပေအကြောင်း ပြောသည့်အခါတိုင်းတွင် အဘိုး၏ မျက်လုံးကျဉ်းကျဉ်းလေးသည် အပြုံးနှင့် ရွှန်းလက်နေတတ်သည်။ သူ့နှုတ်ဖျားမှ ထွက်ကျလာသော စကားလုံးများသည် ခွန်ပြည့် အားပြည့်။

*"ဘယ်အရွယ်မှာပဲဖြစ်ဖြစ် ကောက်ဖတ်လို့ ရတဲ့၊ ဘယ်အချိန်ပဲဖတ်ဖတ် ရိုးအီမသွားတတ်တဲ့ စာအုပ်တွေ ရှိတယ်။ ဒီလိုစာအုပ်မျိုးကို များများဖတ်ကွဲ့။ ဖတ်ရင်းနဲ့ ဒီစာအုပ်တွေဟာ သားအတွက် သူငယ်ချင်းတွေလို ဖြစ်သွားလိမ့်မယ်။ သူတို့က သားရဲ့ အသိဉာဏ်ကို ရှင်လာစေမယ်။ သားဘဝကို ရှေ့ဆက်ဖို့ အထောက်အကူလဲ ပြုလိမ့်မယ်"*

စာအုပ်များနှင့် ပြည့်နေသည့် စာအုပ်ဆိုင်လေးထဲသို့ အင်တာရှိ ငေးစိုက်ကြည့်နေမိသည်။ စာအုပ်စင်ပေါ်မှ စာအုပ်များသည် လက်ရှိခေတ်တွင် အရောင်းရဆုံး စာရင်းဝင်များ မဟုတ်ကြ။ နာမည်ကြီးသည့် ကာတွန်းစာအုပ်၊ မဂ္ဂဇင်းများလည်း မဟုတ်ကြပါ။ ဒီဘက်ခေတ်တွင် သူတို့ ရောင်းသည့် ပုံစံမျိုး အခြားသူများ မရောင်းကြတော့။ ပုံမှန် ဖောက်သည်များသည် တစ်ခါတစ်ရံ နာဆူကီ စာအုပ်ဆိုင်ကြီး ဘယ်လိုရှင်သန်နေသလဲ ဆိုသည်ကို သိပ်စိတ်ဝင်စားကြသော်လည်း ဝါနုသည့် စာအုပ်အဟောင်း ရောင်းသူ အများစုကတော့ တိုတိုကျဉ်းကျဉ်း "ကျေးဇူးတင်ပါတယ်" ဟူသည့် စကားတစ်ခွန်းသာ ပြောကြသည်။ Nietzsche ၏ ထွက်ခဲ့ဖူးသမျှသော စာအုပ်အားလုံး၊ လူဖတ်များသည့် T.S Eliot ၏ ကဗျာစာအုပ် ပေါင်းချုပ်များကို အရှေ့ဘက် အဝင်တံခါးအနီးတွင် ခင်းကျင်းပြသထားသည်။

အဘိုး၏ ဤစာအုပ်ဆိုင်ကလေးသည် တစ်ယောက်တည်း ခပ်ကုပ်ကုပ်နေတတ်သည့် အင်တာရှိ အတွက်တော့ အကောင်းဆုံးသော ခိုလှုံရာ ရိပ်မြုံလေး

mgyoe.com

 mgype.com SAMPLE BOOK 

တစ်ခု ဖြစ်ခဲ့သည်။ ကျောင်းတွင် မပျော်သည့် အင်တာရိုသည် စာအုပ်ဆိုင်ကလေး၏ စာအုပ်စင်ပေါ်မှ စာအုပ် တစ်အုပ်ပြီး တစ်အုပ် လောဘတကြီး ဖတ်ရင်း စာအုပ်များ ကြားတွင်သာ အချိန်ကုန်လေ့ ရှိသည်။

တစ်နည်းဆိုရသော် အင်တာရို အတွက်တော့ ဤစာအုပ်ဆိုင်ကလေးသည် အပြင်လောက၏ ရိုက်ခတ်မှုဒဏ်မှ အကာအကွယ် ပေးနိုင်သည့် အလုံခြုံဆုံးသော နေရာလေးတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ယခုအချိန်တွင်တော့ နာဆူကီ စာအုပ်ဆိုင်ကလေးကို အပြီးတိုင် နှုတ်ဆက် ထွက်ခွာရပေတော့မည်။

"အဘိုးရေ... တစ်လောကလုံး ပြောင်းဆန်နေတာပဲဗျာ" ဟု သူ ညည်းလိုက်သည်။

ထိုစဉ် ဆိုင်ရှေ့တံခါးတွင် ချိတ်ဆွဲထားသော ရှေးဟောင်းခေါင်းလောင်းလေးဆီမှ မြည်သံ ကြားလိုက်ရသောကြောင့် လက်တွေ့လောကဆီသို့ သတိပြန်ဝင်လာသည်။ ပုံမှန်ဆိုလျှင်တော့ ခေါင်းလောင်းမြည်သံ ကြားလျှင် စာအုပ်ဝယ်သူ တစ်ယောက်ယောက် ဝင်လာပြီဟု အလိုအလျောက် သိနိုင်သည်။ သို့ပေမဲ့ ယခုတော့ 'ဆိုင်ပိတ်သည်' ဟူသော ဆိုင်းဘုတ်ကို ချိတ်ထားပြီးပြီ။ အပြင်တွင်လည်း နေဝင်သွားပြီး အမှောင်ထုက ကြီးစိုးနေလေပြီ။ အာခိဘ ခုလေးတင်မှ ထွက်သွားသောကြောင့် သူ ပြန်ဝင်လာသလားဟု သံသယဝင်ဖွယ် ရှိသော်လည်း အာခိဘ ထွက်သွားခဲ့သည်မှာ ကြာလှပြီ။

နားကြားများ လွဲတာ ဖြစ်မှာပါဟု ယူဆကာ စာအုပ်စင်ဘက် ပြန်လှည့်လိုက်သည်။

"အံ့မယ်လေး... မှောင်မည်းနေတာပဲ"

မထင်မှတ်ဘဲ ကြားလိုက်သည့် အသံကြောင့် အင်တာရို လန့်သွားသည်။ သို့ပေမဲ့ အဝင်တံခါးဘက်သို့ လှမ်းကြည့်လိုက်သောအခါ လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။

"နှမြောစရာပါလားဟေ့... မင်းကတော့ တကယ့် စာအုပ်အကောင်းစားတွေ ရထားတာပဲ။ ဒါပေမဲ့ ဒီစာအုပ်တွေဟာ ဟောဒီ ဖုန်တသောသောနဲ့ မှောင်မည်းညစ်ပတ်နေတဲ့ အခန်းကျဉ်းလေးထဲမှာပဲ ပျက်စီးသွားရတော့မှာပါလားကွယ်ရို့"

အသံသည် စာအုပ်ဆိုင်အတွင်းမှ လာသည်ကို အင်တာရို ခုမှ သဘောပေါက်တော့သည်။ သူ အနောက် လှည့်ကြည့်သည်။ လူတစ်ဦးတစ်ယောက်မျှ

mgype.com

မတွေ့ဘဲ ကြောင်တစ်ကောင်ကိုသာ တွေ့သည်။ ထိုကြောင်သည် တက်ဘီကြောင် (အနက်အစင်း ကြောင်ကြောင်ကျားကျား ရှိသော ကြောင်) အမျိုးအစား၊ အကောင်ထွားထွား၊ ပြည့်ပြည့်ဖြိုးဖြိုးနှင့် အမွေးများက လိမ္မော်-အဝါ စပ်ကျား အရောင်စပ်ထားသည့် အရောင်။ သာမန် တက်ဘီကြောင်များကဲ့သို့ ခေါင်းမှ ကျော၊ ကျောမှ အမြီးအထိ ထင်ရှားသည့် အနက်ရောင် အစင်းကျားများ ပါရှိသည်။ သို့သော် သူ့တွင် တစ်မူထူးသည်က သူ့ ဝမ်းဗိုက်များနှင့် ခြေထောက်များသည် ဆွတ်ဆွတ်ဖြူနေသည်။ အခန်းမှိန်မှိန်ထဲတွင် သူ့မျက်လုံးများက ကျောက်စိမ်းတုံးများ သဖွယ် ဝင်းလက် တောက်ပနေသည်။

အင်တာရိုက ကြောင်ကြီး၏ လှပလွန်းသည့် အမြီးကွေးကွေးကြီးကို သေချာကြည့်ရင်း-

"ဟင်... မင်းက ကြောင်ကြီးပါလား"

"ငါ ကြောင် ဖြစ်နေတာက ဘာမှား များနေလို့လဲ။ မင်း စီးပွားရေးကို တုတ်နဲ့ ထိုးနေလို့လား" ဟု ကြောင်က ပြန်မေးသည်။

"ဘာမှတော့ မမှားပါဘူး၊ ဒါပေမဲ့ စကားပြောတာလေး တစ်ခုပဲ"

ရင်တထိတ်ထိတ် တုန်နေပေမယ့် အင်တာရို ဟန်မပျက် တည်ငြိမ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းထားနိုင်သည်။ မျက်လုံးကို တင်းတင်းမှိတ်ပြီး တစ်မှ သုံးအထိ ရေတွက်သည်။ ထို့နောက် မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

ကိုယ်မွေးပွပွ၊ အမြီးမွေးထူထူ၊ တဝင်းဝင်း လက်နေသည့် မျက်လုံးနှစ်လုံးနှင့် တြိဂံပုံ သေသေသပ်သပ် နားရွက်များ။ ကြောင်တစ်ကောင် ဖြစ်သည် ဆိုသည်ကိုတော့ သံသယ ဖြစ်စရာ မလို။

ကြောင်ကြီး၏ နှုတ်ခမ်းမွေးများမှာ တလှုပ်လှုပ်နှင့်။

"ဟိတ် ကလေး၊ မင်း မျက်လုံးတွေ နာနေတာလားကွ" ဟု မေးသည်။

"ခင်... ညာ... မ... မဟုတ်ပါဘူး"

အင်တာရို ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

"ကျွန်တော့်မျက်လုံးတွေက အကောင်းကြီးပါ။ ဒါပေမဲ့ စကားပြောတတ်တဲ့ ကြောင်တစ်ကောင် ကျွန်တော့်ရှေ့မှာ ထိုင်နေတာကို တွေ့နေရတယ်"

"သိပ်ကောင်းတယ်" ဟု ကြောင်က ခေါင်းညိတ်ရင်း ဆက်ပြောသည်။

"ငါ့နာမည်က ကျား၊ တက်ဘီကျား ပေါ့ကွာ"

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကြောင်တစ်ကောင် ရုတ်တရက်ကြီး သူ့ကိုယ်သူ လာမိတ်ဆက်နေသည်မှာ အင်မတန် ယုတ္တိမတန်သော အဖြစ်မျိုး၊ ရှားတောင့်ရှားပါး အဖြစ်မျိုးဆိုသော်ငြား အင်တာရိုကတော့ ကောင်းကောင်းမွန်မွန်ပင် ခွန်းတုံ့ပြန်နိုင်ခဲ့သည်။

"ကျွန်တော်ကတော့ အင်တာရို နာဆူကီပါ"

"ငါ သိတယ်၊ မင်းက နာဆူကီ စာအုပ်ဆိုင်ရဲ့ အမွေစား အမွေခံ ပိုင်ရှင်သစ်"

"ပိုင်ရှင်သစ် ဟုတ်လား"

အင်တာရို ဇဝေဇဝါ ဖြစ်သွားသည်။ ဒီလိုကြားဖူးတာသည် သူ့အတွက် ပထမဆုံးပင်။

"စိတ်တော့ မကောင်းပါဘူးဗျာ၊ ကျွန်တော်က အထက်တန်းကျောင်းသား အရွယ်ပဲ ရှိသေးတာ။ ပြီးတော့ လူတွေနဲ့ သိပ်မဆက်ဆံတတ်ဘူး။ ကျွန်တော့် အဘိုးကပဲ စာအုပ်တွေအကြောင်း နှံ့စပ်တာ။ ခုတော့ အဘိုးက မရှိတော့ဘူး"

"ပြဿနာ မရှိပါဘူး၊ ငါ့ကိစ္စကလဲ ပိုင်ရှင်အသစ် ဖြစ်တဲ့ မင်းနဲ့ပဲ ပတ်သက်မှာပါ"

ကြောင်ကြီးသည် အင်တာရိုကို စူးစိုက်ကြည့်နေသည်။

"ငါ မင့် အကူအညီ လိုတယ်"

"ကျွန်တော့် အကူအညီ လိုတယ် ဟုတ်လား" ဟု အင်တာရိုက ပြန်မေးသည်။

"ဟုတ်တယ်၊ မင့် အကူအညီ လိုတယ်"

"ဘယ်လို ကူရမှာလဲ"

"အကျဉ်းချခံထားရတဲ့ စာအုပ်တွေ ရှိတယ်"

"အကျဉ်းချခံထားရတဲ့ စာအုပ်တွေ... ဟုတ်လား"

"နေစမ်းပါဦး။ ငါ ပြောသမျှကို တစ်လုံးမကျန် လိုက်ပြောနေရအောင် မင်းက ကြက်တူရွေးလား"

ကြောင်ကြီး၏ စကားလုံးများသည် အင်တာရို၏ မျက်နှာကို ဖြတ်ရိုက်လိုက်သည့်နှယ်။ သို့ပေမဲ့ ကြောင်ကြီးကတော့ အင်တာရို မျက်နှာပျက်သွားသည်ကို မသိကျိုးကျွန် ပြုနေသည်။

"အဲဒီစာအုပ်တွေကို ငါ ကယ်မှ ဖြစ်မယ်"

m g y o e . c o m

 mgyoe.com SAMPLE BOOK 

ကျောက်စိမ်းရောင် မျက်လုံးများက တလက်လက်။

"ပြီးတော့ မင်းက ဒီကိစ္စ အထမြောက်အောင် ကူညီပေးရမယ်"

အင်တာရိုက ရွှေဝါရောင် တက်ဘီကြောင်ကြီးကို ကြည့်ရင်း ခဏတာ ငြိမ်သက်သွားသည်။ ထို့နောက် သူ့ညာဘက်လက်က တဖြည်းဖြည်း မြောက်တက်လာပြီး တပ်ထားသည့် မျက်မှန်ကိုင်းကို နေရာပြင်လိုက်သည်။ ဤသည်မှာ အင်တာရို အလေးအနက် စဉ်းစားခန်း ဝင်ချိန်တွင် ပြုလုပ်တတ်သည့် အကျင့်ဖြစ်သည်။

"တော်တော်တော့ ပင်ပန်းလောက်တယ်" ဟု သူ တွေးနေသည်။

အင်တာရို သူ့မျက်လုံးများကို ပိတ်ထားလိုက်သည်။ သူ့လက်များက မျက်မှန်ကိုင်းပေါ်တွင် နေရာယူလျက်။

သူ့အဘိုး၏ နာရေး၊ ဈာပနမှ ဖြစ်လာသည့် စိတ်ပင်ပန်းမှု စသည်တို့နှင့် သူ့မှာ စိတ်ပန်း ကိုယ်ပန်း ကျန်နေခဲ့သည်။ ကိစ္စတွေ အားလုံးကို မေ့ထားပြီး တစ်ရေးတစ်မော ထိုးအိပ်ပစ်လိုက်ချင်သည်။ ယခုတော့ အရာရာမှာ အိပ်မက်ထဲ ရောက်နေသလို ဖြစ်နေသည်။ စိတ်ကို တင်းထားပြီး မျက်လုံးကိုတော့ ဖွင့်ထားဖြစ်သည်။ သို့သော် တက်ဘီကြောင်ကြီးသည် သူ့ရှေ့တွင် အေးဆေး ငြိမ်သက်စွာ ဣန္ဒြေကြီး တစ်ခွဲသားနှင့် ထိုင်နေဆဲ။

*"အင်း...ငါနည်းနည်းတော့ချောင်နေပြီ။သေချာစဉ်းစားကြည့်လိုက်တော့လဲ စာအုပ်စင်ကို နေကုန်နေခန်း ထိုင်ကြည့်နေခဲ့တာ ရက်တော်တော်ကြာပြီပဲ။ ဖတ်ရမယ့် စာအုပ်ကြွေးတွေတောင် တော်တော်များနေပြီ။ ဖတ်လက်စ 'Candide' စာအုပ်ကိုတောင် ဘယ်နားထားမိပါလိမ့်"*

အတွေးပေါင်းစုံသည် သူ့ခေါင်းထဲတွင် ချာချာလည်နေသည်။

"စာအုပ်ဆိုင်ရှင်သစ်ကြီး ခင်ဗျာ... ကျွန်တော်မျိုး ပြောနေတာတွေကို နားထောင်နေရဲ့လား ခင်ဗျာ"

တက်ဘီကြောင်ကြီး၏ အသံကျယ်ကျယ် စူးစူးကြီးသည် အင်တာရို၏ အတွေး ပူဖောင်းများကို ထိုးဖောက်ပစ်လိုက်သည်။

"သေချာနားထောင်... ငါ နောက်တစ်ကြိမ် ထပ်ပြောမယ်။ အဲဒီစာအုပ်တွေကို ကာကွယ်ဖို့အတွက် မင်း ငါ့ကို ကူညီမှ ဖြစ်မယ်"

"ခင်ဗျားကို ကူညီမှ ဖြစ်မယ် ဆိုပေမဲ့..."

mgyoe.com

mgyoe.com SAMPLE BOOK


အင်တာရှိသည် သူ့ခံစားချက်နှင့် အသင့်လျော်ဆုံးသော စကားလုံးကို ရှာဖွေရ ခက်နေသည်။

"ခုနက ပြောခဲ့သလိုပဲ၊ တကယ်တော့ ကျွန်တော်က ဘာမှ သုံးစားမရတဲ့ အထက်တန်းကျောင်းသား အိမ်တွင်းပုန်းတစ်ယောက်ပဲ" ဟု အရောင်းစားပွဲ နောက်တွင် ထိုင်ရင်း အလေးအနက် ဆိုသည်။ ဘာ့ကြောင့်ရယ် မသိ၊ တက်ဘီကြောင်အား သူ့အားနည်းချက်ကို မကွယ်မဝှက် ပြောမိလိုက်သည်။

"ကိစ္စမရှိဘူး၊ မင်းဟာ အသုံးမကျဘူး၊ သုံးစားမရဘူး ဆိုတာ ငါ သိပြီးသား၊ မင်း အပေါက်ကို ပိတ်ထားလိုက်" ဟု ကြောင်က သရော်တော်တော် မျက်နှာပေးနှင့် ဆိုသည်။

"မင်းလို ဘယ်နေရာမှ သုံးစားမရတဲ့ ကောင်အတွက် ငါ့ကို ကူညီခွင့်ရတယ် ဆိုတာ မဟာ့မဟာ အခွင့်အရေးကြီးလို့ မှတ်ထားကွာ"

"ကျွန်တော် သုံးစားမရတာကို သိလျက်နဲ့ ဘာဖြစ်လို့ ကျွန်တော့်ဆီ အကူအညီ လာတောင်းနေသေးသလဲ။ ခင်ဗျားကို ကျွန်တော့်ထက် ပိုကောင်းအောင် ကူညီပေးနိုင်မယ့်လူတွေ တစ်လောကလုံးမှာ သန်းနဲ့ချီပြီး ရှိနေတာပဲ"

"မှန်သပ သိပ်မှန်၊ အထွေအထူး ပြောစရာ မလိုအောင်ကို မှန်တယ်"

"ပြီးတော့ ကျွန်တော်က အခုမှ ကျွန်တော့်အဘိုး တစ်ယောက်လုံးကြီးကို ဆုံးရှုံးထားလို့ စိတ်ဓာတ်တွေ တဆုံးထိ ကျနေတာလေဗျာ"

"ငါ နားလည်ပါတယ်ဟ"

"နားလည်တယ်ဆိုရင် ဘာဖြစ်လို့..."

"မင်း စာအုပ်တွေကို မချစ်ဘူးလား"

တက်ဘီကြောင်၏ တည်ကြည် လေးနက်သော စကားသံ အောက်တွင် အင်တာရှိ၏ ဆန့်ကျင် ပြောဆိုလိုစိတ်များသည် တဖြည်းဖြည်း အရည်ပျော်လာသည်။ စကားသံသည် ပို၍ သိမ်မွေ့ ပြတ်သားလာသည်။ တက်ဘီကြောင် ဘာပြောလိုက်သည်ကိုပင် သိပ်နားမလည်လိုက်သလို ဖြစ်လာ၏။ သို့သော်ငြား အသံ၏ နိုင်မာသော ဆွဲဆောင်နိုင်စွမ်းနှင့် စကားလုံးတို့၏ စွမ်းအားသည် သူ၏ စိတ်နှလုံးကို သိမ်းကျုံး ညို့ငင်နေသယောင်။

ကျောက်စိမ်းရောင် မျက်လုံးတို့သည် အင်တာရှိ၏ မျက်လုံးထဲသို စူးစိုက်ကြည့်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK



"ဟုတ်... ဟုတ်.... ဒါ... ဒါပေါ့... ကျွန်တော် စာအုပ်တွေကို ချစ်တာပေါ့ဗျာ"

"ဒါဆို မင်း ဘာဖြစ်လို့ ငြင်းနေသေးလဲ"

တက်ဘီကြောင်၏ ပြောဟန်ဆိုဟန်၊ အမူအရာများသည် တည်ကြည်လေးနက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့်နှင့် ဖြစ်သည်။ အင်တာရိုနှင့် ဆန့်ကျင်ဘက်။

ကောင်လေးသည် ဘာတွေ ဖြစ်ပျက်နေသည်ကို အသည်းအသန် စဉ်းစားရင်း မျက်မှန်ကိုင်းကို နောက်တစ်ကြိမ် ထပ်ပြင်လိုက်ပြန်သည်။ သို့သော် အဓိပ္ပာယ်ရှိသည့် အဖြေ မည်မည်ရရ ထွက်မလာ။

"အရေးကြီးတဲ့ ကိစ္စရပ်တွေဟာ သိပ်နားလည်ရခက်တယ် စာအုပ်ဆိုင်ပိုင်ရှင်ကြီးရေ" ဟု ကြောင်က ဆို၏။ အင်တာရို၏ ရင်ထဲမှ အတွေးကို ကြားသွားသည့်နှယ်။

"လူအများစုက ဒီသဘောတရားကို နားမလည်ကြဘူး။ လူတွေဟာ သူတို့ရဲ့ နေ့စဉ်ဘဝကိုပဲ အဆင်သင့်သလို ဖြတ်သန်းနေကြတာ။ တကယ်တော့ ဒီသဘောတရားကလဲ မျက်စိနဲ့ မြင်ရတဲ့အမျိုး မဟုတ်ဘူး၊ နှလုံးသားနဲ့ ကြည့်မှ မြင်ရတာ"

"ဟုတ်ပါပြီဗျာ"

အင်တာရို၏ မျက်လုံးများ အရောင်တောက်လာသည်။

"The Little Prince ထဲက စာသားတွေကို ရွတ်ပြတဲ့ ကြောင်တစ်ကောင်နဲ့ ဆုံရမယ်လို့ ကျွန်တော် တစ်ခါမှ မတွေးခဲ့ဖူးဘူး"

"Saint-Exupery ရဲ့ စာအုပ်မှ ဟုတ်ရဲ့လား"

"သူက ကျွန်တော့်အကြိုက်ဆုံး စာရေးဆရာထဲက တစ်ယောက်ဗျ" ဟု အင်တာရိုက ပြန်ပြောသည်။ အနီးနား စာအုပ်စင်ပေါ်ကို လက်ညှိုးညွှန်လျက်–

"သူ့လက်ရာတွေထဲမှာ Night Flight ကိုတော့ အကြွေဆုံးပဲ၊ Southern Mail စာအုပ်ကတော့ လက်ကကို မချနိုင်လောက်အောင်ကို ကောင်းလွန်းတယ်"

"သိပ်ကောင်းသကွာ"

ဟု တက်ဘီကြောင်က ပြုံးရင်း ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကြောင်၏ တည်ကြည်သော ဣန္ဒြေလှိုင်းသည် ကောင်လေးအပေါ် လွှမ်းမိုးစ ပြုလာသည်။ ကြောင်နှင့် စကားပြောရင်း အဘိုးကို သတိရလာသည်။ အဘိုးက ကြောင်လောက်တော့ စကားမများပေ။

"ဒါဆို မင်း ငါ့ကို ကူမလား"

အင်တာရို ပခုံးတွန့်လိုက်သည်။

"ကျွန်တော့်မှာ ငြင်းပိုင်ခွင့်ကော ရှိသေးလို့လား"

"ငြင်းချင် ငြင်းလို့ ရပါတယ်" ဟု ကြောင်က ချက်ချင်း ပြန်ဖြေသည်။

"ဒါပေမဲ့ မင်း ငြင်းမယ် ဆိုရင်တော့ ငါ မင်းကို တော်တော်လေးကို စိတ်ပျက်မိမှာပဲ" ဟု စိတ်ပျက်လက်ပျက်နှင့် ဆက်ပြောသည်။

အင်တာရို မျက်နှာ ရှုံ့မဲ့သွားသည်။

*"ဟင်း... ဒီကြောင်ကတော့ ဘယ်ကနေမှန်းမသိ ပေါ်လာပြီး အကူအညီ လာတောင်းတယ်။ ငါက မကူညီရင် ငါ့ကို စိတ်ပျက်တယ်တောင် ဖြစ်ရသေး..."* ဟု စိတ်ထဲမှ ပြောနေသည်။

ယုတ္တိမတန်ဘူး ဆိုပေမယ့် ကြောင်၏ ဘွင်းဘွင်းရှင်းရှင်း စကားပြောဟန်များသည် အဘိုးနှင့် ဆင်တူနေသည်ဟု သူ ခံစားမိသည်။ စိတ်စွဲနေလို့ နေမှာပါဟု သူ့ကိုယ်သူ ပြန်ဖြေနေရသည်။

"ဒါဆို ကျွန်တော်က ဘာကူညီပေးရမှာလဲ"

"လိုက်ခဲ့"

"ဘယ်ကိုလဲဗျ"

"လာပါကွာ"

ကြောင်က စာအုပ်ဆိုင် ထွက်ပေါက်တံခါးဘက်ဆီ ဦးမတည်ဘဲ ဆိုင်နောက်ဘက်ရှိ အမှောင်ရိပ်ထဲသို့ ဝင်သွားသည်။ အင်တာရို စိတ်ရှုပ်ရှုပ်နှင့် လိုက်သွားသည်။ သို့သော် သူ ခြေလှမ်းအနည်းငယ် လှမ်းရုံမျှ ရှိသေး၊ ခေါင်းထဲ မူးဝေဝေ ခံစားချက်ကို ရလာသည်။ နာဆူကီ စာအုပ်ဆိုင်၏ ကျဉ်းကျဉ်းရှည်ရှည် စင်္ကြံလမ်းထဲ လျှောက်လာရင်း နောက်ထပ် ခြေတစ်လှမ်း လှမ်းလိုက်လျှင်ပင် နံရံထဲသို့ တိုးဝင် ရောက်သွားတော့မည်ဟု ထင်နေသည်။ သို့သော် ဘေးတစ်ဖက်တစ်ချက်တွင် မိုးထိလု စာအုပ်စင်ကြီးများ ရှိနေသော စင်္ကြံလမ်းသည် အဆုံးမရှိ ရှည်လျားလွန်းနေသည်။ ရှေးဟောင်း မီးအိမ်လေးများသည်

mgyoe.com

mgyoe.com

SAMPLE BOOK


လည်း စာအုပ်စင်များပေါ်တွင် အကြားအလပ်မရှိ ချိတ်ဆွဲထားသည်။ စာအုပ်စင်ပေါ်မှ စာအုပ်များသည် သူ ယခင်က တစ်ခါမျှ မမြင်ဖူးသော စာအုပ်များ ဖြစ်ကြောင်း လမ်းလျှောက်လာရင်း အင်တာရို သတိထားမိလာသည်။ စာအုပ်အများစု၏ မျက်နှာဖုံး ချုပ်ပုံများသည် ယခုခေတ် စာအုပ်များ၏ ချုပ်ပုံနှင့် မတူကြ။ ရှေးဟောင်း (second hand) စာအုပ်ဒီဇိုင်းများအစား စာအုပ်များသည် လယ်သာသားပေါ်တွင် ရွှေရောင် ဖောင်းကြွစာလုံးများဖြင့် ခန့်ညား လှပနေသည်။

"ဒီ... အာ... ကျွန်တော်...."

အင်တာရိုက အဆက်အစပ်မရှိ စကားအူပေါက် ပြောသည်။ ကြောင်က လည်ပြန် လှည့်ကြည့်ရင်း–

"ကြောက်နေတာလား ဘုတ်အုပ်ဆိုင် ပိုင်ရှင်ကြီး။ မင်း ငါနဲ့ ဆက်မလိုက်ချင်တော့ရင်လဲ ရတယ်နော်၊ မင်း သဘောပဲ"

"ဒီဆိုင်က ဘယ်လိုလုပ်ပြီး စာအုပ်အသစ် ဒီလောက်အများကြီးကို ရထားသလဲ သိချင်လာလို့ပါ" ဟု အဝေးကို ခပ်တွေတွေ ကြည့်ရာမှ ကြောင်ကို ငုံ့ကြည့်ရင်း မေးသည်။

"ဒီလောက် စာအုပ်အများကြီးကို ဖတ်ရဦးမယ် ဆိုရင်တော့ ကျွန်တော်တော့ ဟီခိခိုမိုရိ ဘဝကို စွန့်လွှတ်ပစ်ဖို့ မဖြစ်နိုင်သေးဘူး။ အန်တီ့ကို တခြားဆီ မရွှေ့သေးဖို့ ပြောကြည့်ရဦးမယ် ထင်တယ်"

"အင်း... မင်းမှာ ဟာသဉာဏ်တော့ ရှိသားပဲ။ လောကစံကတော့ ငါတို့ကို အခက်အခဲမျိုးစုံနဲ့ ထိုးနှက် ရိုက်ခတ်မှာပဲ။ ကောင်းဆိုး လောကစံကို ကြံ့ကြံ့ခံရင်ဆိုင်ရတာ တစ်ခါတလေတော့လဲ ကိုးရိုးကားရားနိုင်သား။ လောကစံကို ရင်ဆိုင်တဲ့အခါ ငါတို့အတွက် အကောင်းဆုံး လက်နက်ဟာ အတွေးအမြင်လဲ မဟုတ်ဘူး၊ တန်ပြန် တော်လှန်တာလဲ မဟုတ်ဘူး၊ ဟာသဉာဏ် ရှိဖို့ပဲ လိုတာ ကောင်လေးရေ... ဟာသဉာဏ် ရှိဖို့ပဲ"

တက်ဘီကြောင်က သူ့အဖိုးတန် အတွေးအခေါ်များကို ရှေးဟောင်းအဘိဓမ္မာဆရာကြီးဟန်နှင့် မိန့်ကြားပြီးသကာလ "သွားကြစို့... ဘုတ်အုပ်ဆိုင်ပိုင်ရှင်ကြီးရေ" ဟု ဆိုကာ စကြံလျှောက်လမ်းဘက် ပြန်လှည့်သွားသည်။ အင်တာရိုက ကျိုးကျိုးနွံနွံနှင့် နောက်က လိုက်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


လျှောက်လာရင်းနှင့် ဘေးတစ်ဖက်တစ်ချက် စာအုပ်စင်ပေါ်မှ စာအုပ်များသည် အင်တာရို ယခင်က လုံးဝ မမြင်ဖူးသော စာအုပ်အထူကြီးတွေချည်း ဖြစ်လာသည်။ ကောင်လေးနှင့် ကြောင်တို့ လမ်းအတိုင်း ရှေ့ဆက်သွားနေရင်း စကြံလမ်းသည် ပြာလဲ့လဲ့အရောင် ထွက်လာသည်။ ပြာလဲ့လဲ့အရောင်သည် တဖြည်းဖြည်း တောက်ပလာပြီး ပတ်ဝန်းကျင် တစ်ခုလုံးသည် အဖြူရောင် တောက်တောက် ဖြစ်လာသည်။

***

နေရောင်ဝင်းပပ အောက်တွင် သစ်ပင်များ ညင်သာစွာ လှုပ်ယမ်းနေသည်ကို မြင်ရသည်။ အဖြူရောင် အလင်းတန်းကြီး၏ အလင်းအား မှိန်သွားသောအခါ ဘေးပတ်ပတ်လည်၌ အင်မတန် လှပသော သဘာဝရှုခင်း တစ်ခုကို အင်တာရို သတိထားမိလိုက်သည်။ အောက် ငုံ့ကြည့်လိုက်တော့ သူ ကျောက်ပြား တစ်ချပ်ပေါ် ရောက်နေသည်။ အပေါ် မော့ကြည့်လိုက်သောအခါ ကုက္ကိုပင်၏ အကိုင်းအခက်များသည် လေပြည်ညင်းနှင့်အတူ ရှေ့တိုးနောက်ငင် ယိမ်းနေရင်း နေရောင် အစက်အပြောက်များကို ဖြစ်ပေါ်စေနေသည်။ ထို့နောက် အင်တာရိုက သူ့မျက်စိကို မှေးပြီး စူးစမ်းကြည့်လိုက်သည်။

"ဂိတ်ပေါက်ကြီးပါလား"

ကျောက်တုံးလှေကားအဆုံး တစ်နေရာတွင် အလွန်တရာ ခမ်းနားသော ရာခုအိမွန်း (yakuimon- ဆာမူရိုင်းများ သုံးသည့် ဂိတ်ပေါက်ပုံစံမျိုး၊ ပြာသာဒ်မိုးအောက်တွင် တိုင်လုံးများ မသုံးဘဲ ပြာသာဒ်အသေးစား တစ်ဖက်တစ်ခုစီကို တိုင်အဖြစ် သုံးထားသည့် ဝင်ပေါက်) ဂိတ်ပေါက်တစ်ခု ရှိသည်။ ဂိတ်ပေါက်၏ အမိုးများကို ရှေးဟောင်းလက်ရာများဖြင့် မွမ်းမံထားသည်။ ရောမ တံခါးမကြီးကိုလည်း ပြောင်လက် ကြွရွနေအောင် ပေါလစ်တိုက်ထားသည်။ သို့သော် အင်တာရို၏ စိတ်ထဲတွင်ကား မရေရာမှုများနှင့် လေးလံနေသည်။ ဘေးဘီဝဲယာ နှစ်ဖက်လုံးတွင် နံရံကြီးနှစ်ခုသည် မိုးထိအောင် မြင့်မားနေသည်။ ပင်မဝင်ပေါက်ဘေး ဝင်ပေါက်အသေးလေး ရှိသည်။ နံရံတွင် ကပ်ထားသော ဆိုင်းဘုတ်ပြားကတော့ ဆေးရောင်ပျက်လုလု ဖြစ်နေပြီ။

mgyoe.com

mgyoe.com

SAMPLE BOOK


လမ်းကလေးကို ကျောက်ပြားများဖြင့် သေသပ်ကျနစွာ ခင်းထားသည်။ ကျောက်ပြားခင်း လမ်းလေးပေါ်တွင် သစ်ရွက်ကြွေများ တစ်ရွက်မျှ ရှိမနေ။ နေရောင်ခြည်သည် ယိမ်းနွဲ့နေသော သစ်ပင်များအကြားမှ လင်းတစ်လှည့်၊ မှိန်တစ်ချီ လမ်းကလေးပေါ်သို့ ဖြာကျနေသည်။ ထိုနေရာတွင် အခြားပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကိုမျှ မမြင်မိ။

"ရောက်ပြီ" ဟု ကြောင်က ပြောသည်။

"ငါတို့ လာတဲ့ နေရာက ဒီနေရာပဲ"

"ဒီနေရာက စာအုပ်တွေ ရှိတဲ့ နေရာလား"

"စာအုပ်တွေက အဲဒီအနောက်ဘက်မှာ အကျဉ်းချခံထားရတာ"

အင်တာရှိက ခမ်းနားသည့် ဝင်ပေါက်ကို ကြည့်လိုက်သည်။ ထို့နောက် ကုက္ကိုပင်ကို တစ်ဖန် မော့ကြည့်လိုက်ပြန်သည်။ ယခုလို ဒီဇင်ဘာလကြီးတွင် ဝါဂွမ်းကဲ့သို့ နူးညံ့အိစက်သော ကုက္ကိုပွင့်များသည် အကိုင်း၊ အခက်ကြီးများကို ဖုံးအုပ်လုလုထိ ဝေဆာအောင် ပွင့်နေသည်ကို ကြည့်ရသည်မှာ ထူးဆန်းသည်။ ယနေ့ တွေ့ရသမျှ အရာအားလုံးသည် သူ့အတွက် အထူးတဆန်းတွေချည်းပင်။

"အိမ်ကြီး ခမ်းနားချက်က လွန်ပါရောလားဗျာ။ အဲဒီ ဆင်ဝင်လေး တစ်ခုတောင် ကျွန်တော်တို့ စာအုပ်ဆိုင်လောက် ရှိတယ်"

"အထင်မကြီးစမ်းပါနဲ့ကွာ၊ ဒီအိမ်ကြီးကို ဟန်သာရှိ အဆန် မရှိတဲ့ (သောက်သုံးမကျတဲ့) လူကြီး အုပ်စိုးတာကွ"

"ဟုတ်ကဲ့၊ ကျွန်တော့်လို အထက်တန်းကျောင်းသား အတွက်တော့ အထဲမှာ ဟန်သာရှိ အဆန် မရှိတဲ့ လူကြီး အုပ်စိုးနေရုံနဲ့ ဒီလောက် ခမ်းနားတဲ့ ဂိတ်ပေါက်ကို အထင်မကြီးဘဲ မနေနိုင်ပါဘူးဗျာ"

"အချိန်ဖြုန်းမနေနဲ့၊ ဒီထဲက စာအုပ်တွေကို မကယ်နိုင်ရင် မင်း ဒီ ဝက်ပါထဲမှာပဲ တဝေ့လည်လည်နဲ့ ပိတ်မိနေမှာ" ဟု ကြောင်က ပြောတော့ အင်တာရှိ အံ့သြသွားသည်။

"ခင်ဗျာ... ဒီအကြောင်းကို ဘာလို့ ခုမှ ကျွန်တော့်ကို ပြောရတာလဲဗျ"

"အသိသာကြီးပဲလေ၊ ငါ မင်းကို ဒီအကြောင်း ပြောလိုက်ရင် မင်းက ဒီကို လိုက်လာပါ့မလားဟ။ ဒါ့ကြောင့် ငါ မပြောဘဲ တမင်သက်သက် ချန်ထားလိုက်တာ"

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါ ခင်ဗျား သက်သက်ညစ်တာပဲဗျ"

"ဘယ်လိုပဲဖြစ်ဖြစ်ပါလေ၊ စာအုပ်ဆိုင်မှာ မှုန်တေတေ ငူတူတူနဲ့ ထိုင်နေတဲ့ မင်းမှာ ဆုံးရှုံးစရာ သိပ်များများစားစားမှ မရှိဘဲနဲ့"

ကြောင်၏ တဲ့တိုးဆန်သော စကားလုံးများကို နားထောင်ရသည်မှာ နားထဲသို့ သံရည်ပူများ လောင်းချလိုက်သကဲ့သို့ပင်။ ပြန်ပြောရမည့် စကားလုံးများကို စဉ်းစားရင်း ကြည်လင်နေသော ကောင်းကင်ပြာကြီးကို မော့ကြည့်လိုက်သည်။

"ကျွန်တော် သနားစရာ ကြောင်သတ္တဝါတွေကို အနာတရတော့ မဖြစ်စေချင်ဘူး... ဒါပေမဲ့..."

သူ့ စကားကို ခေတ္တ ရပ်ထားလိုက်ပြီး မျက်မှန်ကိုင်းကို မ လိုက်သည်။

"ခုတော့... ကျွန်တော့် စိတ်ရှိတိုင်း လုပ်လိုက်ရလို့ကတော့ ခင်ဗျားကို လည်မျိုကနေ ဆွဲယမ်းပစ်လိုက်ပြီးပြီဗျ၊ ဘာမှတ်လဲ"

"သိပ်ကောင်းတဲ့ အတွေးပဲကွ"

ဂိတ်ပေါက်ဆီ ဦးတည်နေသော လှေကားထစ်များဆီသို့ အင်မတန် တည်ငြိမ်အေးဆေးသော ခြေလှမ်းများဖြင့် ကြောင်က တက်သွားသည်၊ အင်တာရို က နောက်မှ ကသောကမျော လိုက်သွားသည်။

"သိချင်တာ တစ်ခု ရှိတယ်၊ ပြန်မထွက်နိုင်တော့ဘူး ဆိုရင် ကျွန်တော် တို့ ဘာဖြစ်သွားမှာလဲ"

"ဖြစ်နိုင်ခြေရှိတာ တစ်ခုကတော့ကွာ... ငါတို့ အဆုံးမရှိတဲ့ ဟောဒီ နံရံကြီးတစ်လျှောက် လျှောက်ပတ်သွားနေရင်းနဲ့ပဲ သေသွားတာမျိုးပေါ့။ ဒါပေမဲ့ လဲကွာ... ငါလဲ တစ်ခါမှ ကိုယ်တွေ့ မကြုံဖူးတော့ အပ်ကျမပ်ကျ မပြောတတ် ဘူး"

"မမိုက်ပါဘူးဗျာ"

သစ်သားတံခါးများ၏ ရှေ့မှ ထိပ်ဆုံး လှေကားထစ်ပေါ်တွင် မတ်တတ် ရပ်နေသည်။

"ဒါဆို ကျွန်တော် ဘာလုပ်ရမှာလဲ၊ ကျွန်တော့် တာဝန်က ဘာလဲ၊ သေသေချာချာ ပြောပြဦးလေဗျာ"

"ဒီအိမ်ကြီးရဲ့ သခင်နဲ့ စကားပြောရုံလေးပါပဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ပြီးတော့ကော... ဘာထပ်လုပ်ပေးရဦးမှာလဲ"

"မင်း သူ့ကို ဆွဲဆောင်နိုင်ပြီ ဆိုတာနဲ့ တာဝန်ကျေပြီ"

"ဒါပဲလား"

အင်တာရို အံ့သြနေသည်။ သို့သော် ကြောင်၏ စကားကား မပြီးသေး။

"မောင်မင်းအတွက် နောက်ထပ် ကြီးလေးတော်မူသော တာဝန်ကြီး တစ်ခုကတော့ဖြင့်..." ဟု ကြောင်က မင်းညီမင်းသားတို့ လေသံဖြင့်–

"အဲဒီ တံခါးခေါင်းလောင်းတော်ကို လက်တော်နဲ့ နှိပ်ပေးတော်မူပါဖျာ့"

အင်တာရို တံခါးခေါင်းလောင်းကို နှိပ်လိုက်သည်။

ဂိတ်ကြီး၏ ဘေး တံခါးပေါက်အသေးလေးမှ မဲနယ်ရောင် ကီမိုနို ဝတ်စုံကို ရိုးရှင်းစွာ ဝတ်ဆင်ထားသော ရှုချင်စဖွယ် အမျိုးသမီးတစ်ယောက် ထွက်လာသည်။ သိမ်မွေ့တည်ငြိမ်သော အမူအရာချည်း ကြည့်လျှင် သူသည် အသက်ကြီးပုံ ရသော်လည်း အသက်အတိအကျကိုတော့ ခန့်မှန်းရ ခက်သည်။ သူ့တွင် နွေးထွေးမှု အလျှင်းမရှိ၊ မျက်နှာသေနှင့်။ ဆံထုံးတွင် အနီရောင်ဆံထိုး ထိုးထားသည်။ အသားအရေသည် ကြွေထည်များကဲ့သို့ ဖြူဥနေသည်။ သူ့ အလှသည် လက်ရာမြောက်သော ဂျပန်ကြွေရုပ်လေးနှင့်ပင် မှားရလောက်ပေ သည်။

အင်တာရို မည်သို့ စကားဦးသန်းရမည်ကို မသိ ဖြစ်နေသည်။

"ဘာများ ကူညီပေးရမလဲရှင်" ဟု အတက် အကျ မပါသော အသံဖြင့် ဆိုသည်။

ကြောင်မှ မေးခွန်းကို ဦးဆောင် ဖြေလိုက်သည်။

"ကျွန်တော်တို့ ခင်ဗျားရဲ့ ခင်ပွန်းနဲ့ တွေ့ချင်လို့ပါ"

အမျိုးသမီးကြီး၏ အသက်မပါသော အကြည့်သည် ကြောင်ဆီသို့ ရောက်သွားသည်။ အင်တာရို ကြောက်ရွံ့ကာ ခြေဖျား၊ လက်ဖျားများ အေးလာ သည်။ သို့သော် ကြောင်နှင့် အမျိုးသမီးကတော့ အေးအေးသက်သာပင်။

"ကျွန်မ ခင်ပွန်းက သိပ်အလုပ်ရှုပ်တဲ့ လူ၊ ကြိုချိန်းမထားတဲ့ ဧည့်သည် တွေကို..."

ကြောင်က စကားဖြတ်ပြောလိုက်သည်။

"ကျွန်တော်တို့ သိပ်ကို အရေးကြီးတဲ့ ကိစ္စနဲ့ လာတာပါ။ အချိန်ကလဲ

mgyoe.com

mgyoe.com SAMPLE BOOK


သိပ်မရဘူး။ ကျေးဇူးပြုပြီး ကျွန်တော်တို့ ရောက်နေတယ် ဆိုတာ သူ့ကို အသိပေးပေးပါ"

"လူတွေက ကျွန်မ အမျိုးသားဆီကို အရေးတကြီးကိစ္စ ရှိလို့ ဆိုပြီး နေ့တိုင်းလိုလို ရောက်လာကြ၊ တွေ့ဖို့ တောင်းဆိုနေကြတာပဲရှင်။ ဒါပေမဲ့ သူက တီဗွီအစီအစဉ်တွေ၊ ရေဒီယိုအစီအစဉ်တွေ ထုတ်လွှင့်ဖို့အတွက်နဲ့ မအားမလပ်နိုင် ဖြစ်နေတာ။ ဒါ့ကြောင့် ကြိုတင်ချိန်းထားတာ မရှိတဲ့ လူတွေကို သူ ထွက်တွေ့လေ့ မရှိဘူး။ ခုတော့ ရှင်တို့ ပြန်လိုက်တာ ကောင်းမယ် ထင်တယ်"

"ကျွန်တော်တို့ အချိန်လုံးဝ မရှိဘူး၊ သူနဲ့ အခု တွေ့မှ ဖြစ်မှာမို့ပါ"

ကြောင်၏ ခိုင်တည်သည့် လေသံသည် အမျိုးသမီးကို တွေဝေသွားစေသည်။ ထိုအခိုက်အတန့်ကို အမိအရဖမ်း၍–

"ကျွန်တော်တို့ စာအုပ်နဲ့ ပတ်သက်ပြီး ဆွေးနွေးစရာ ရှိလို့ပါ။ ဒီကောင်လေးက ခင်ဗျား အမျိုးသားကို စာအုပ်နဲ့ ပတ်သက်တဲ့ အရေးကြီးသတင်းတစ်ခု ပြောပါလိမ့်မယ်။ ကျွန်တော်တို့ကို အချိန်ပေးလိုက်တဲ့အတွက် ခင်ဗျား အမျိုးသား မနစ်နာစေရပါဘူး"

ကြောင်၏ ပြောဆိုသိမ်းသွင်းမှုများသည် အမျိုးသမီးကြီး၏ စိတ်နှလုံးကို သိမ်းကျုံးယူနိုင်စွမ်း ရှိပုံ ပေါက်သည်။ ကြောင် ပြောသည့် စကားများကို သူ ခဏရပ်၍ စဉ်းစားသည်။ နောက်ဆုံးတွင်တော့ "ခဏစောင့်ပါနော်" ဟု ခပ်သွက်သွက် ဦးညွှတ်ပြီး တံခါးနောက်ကွယ်သို့ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

အင်တာရို ကြောင်ကို ကြည့်နေရင်းက–

"ဘယ်သူ့ဆီမှာ အရေးကြီးတဲ့ သတင်း ရှိတာလဲ" ဟု ဘုတောသည်။

"အသေးစိတ်လေးတွေအတွက် စိတ်မပူပါနဲ့ဦး။ လောလောဆယ်တော့ ငါတို့ သူ့ကို ဖြီးလုံးတွေ ကျွေးရမှာပေါ့။ လူလိမ်ကို လိမ်လုံးတွေ ကျွေးရမယ်။ အထဲ ရောက်သွားမှ မီးစင်ကြည့် ကကြတာပေါ့"

"ဒါဆိုလဲ..."

အင်တာရို ခဏတာ တုံ့ဆိုင်းနေသည်။

"အင်းလေ... ဘာပူစရာရှိလဲ၊ အေးဆေးပေါ့" ဟု ဘောက်ဆတ်ဆတ် ပြန်ပြောသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

အတန်ကြာသော် အမျိုးသမီးကြီး ပြန်ရောက်လာပြီး ကောင်လေးနှင့် ကြောင်ကို ဦးညွှတ်ကာ –

"ဒီဘက်ကို ကြွပါ" ဟု တက်သံ သက်သံ မပါဘဲ ပြောသည်။

***

ဂိတ်ပေါက်ကြီး၏ အတွင်းထဲတွင် ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်လုံး ရှိသည်။ ဤမျှ ခမ်းနားလှသော အိမ်ကြီးကို အင်တာရို တစ်သက်တွင် တစ်ခါမျှ မမြင်ဖူး။

သေသပ် သားနားစွာ ခင်းထားသော ကျောက်ပြားခင်း လမ်းအတိုင်း လျှောက်လာရင်း မှန်ကူကွက် ဖော်ထားသော အိမ်အဝင် တံခါးရှေ့ ရောက်သောအခါ ဂျန်ကန် (genkan– ဂျပန်ရိုးရာပုံစံ အိမ်အဝင်ဝ) ရှေ့တွင် ဖိနပ်ကို ချွတ်လိုက်သည်။ ထို့နောက် ပေါလစ် ပြောင်လက်အောင် သုတ်ထားသော လှေကားမှတစ်ဆင့် ကော်ရစ်ဒါအထိ တက်သွားကြသည်။ ကော်ရစ်ဒါသည် အိမ်ကို ပတ်ပတ်လည် ခြံရံထားသော အန်ဂါဝ ဝရန်တာ (Engawa – ဂျပန်အိမ်ပုံစံ ကြမ်းခင်းကို အပြင်ထုတ်ပြီး ခင်းထားသည့် ကြမ်းပြင်။ အများအားဖြင့် ပန်းခြံဘက် မျက်နှာမူထားတတ်သည်) ဆီသို့ ဦးတည်ထားသည်။ တစ်ဖန် အန်ဂါဝ ဝရန်တာသည် တိုးချဲ့ဆောင်များနှင့် ချိတ်ဆက်နေပြန်သည်။

အန်ဂါဝ ဝရန်တာများမှတစ်ဆင့် ဂျပန်ပုံစံ ဥယျာဉ်များကို မြင်ရသည်။ ကျေးငှက်များသည် သစ်ပင်ပေါ်တွင် ကျည်ကျည်ကျာကျာ မြည်နေသည်။ သေသပ်စွာ စိုက်ပျိုး ပုံဖော်ထားသော ပန်းပင်များမှလည်း ပန်းပွင့်များ ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ နောက်တစ်ကြိမ် ထပ်သတိထားမိလိုက်သည်။ ဤရာသီသည် ပန်းများ လှိုင်လှိုင်ပွင့်သော ရာသီ မဟုတ်ပါချေ။

"အိမ်ကြီးက သာမန်အိမ်ပါပဲလို့ မပြောတော့ဘူးလား" ဟု အင်တာရိုက ပြောသည်။

"ငါက မင်းကို တင်စားပြီး ပြောခဲ့တာကွ။ စကားကို ကပ်ပြီး မပြောစမ်းနဲ့။ မင့် ပါးစပ်ပေါက်ကို ပိတ်ထားလိုက်"

အင်တာရိုနှင့် ကြောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် တီးတိုး တီးတိုး ပြောကာ အခြေအတင် ဖြစ်နေကြသော်လည်း အမျိုးသမီးကတော့ ရေငုံနှုတ်ပိတ် နေနေသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


လျှောက်လာရင်းနှင့် ဘေဘီဝဲယာမှ ရှုခင်းများ ပြောင်းလာစ ပြုလာသည်။ ကနဦးပိုင်းတုန်းက မြင်ခဲ့ရသော ဂျပန်ရိုးရာ နေအိမ်သည် ယုတ္တိမရှိ သဘာဝ မကျစွာ ပြောင်းလဲသွားခဲ့သည်။

ပထမဦးဆုံးအနေနှင့် သစ်သားဝရန်တာသည် ကြွေပြားခင်းထားသော လှေကားထစ်များအသွင် ဖြစ်လာသည်။ ဥယျာဉ်ကို ရပ်ကြည့်ခဲ့သော နေရာမှ တရုတ်လက်ရန်းခုံးများသည် အင်မတန် လက်ရာမြောက်သော ပန်းပုရုပ်တုများ အစီအရီနှင့် အနောက်တိုင်း နန်းတော်ကြီးပုံစံ အဖြစ်သို့ ပြောင်းသွားသည်။ ထို့နောက် ရှေ့နားလေးမှ ဝါးပုံများကို အနုစိတ် ရေးဆွဲထားသော ဖုဆုမ (fusuma – အခန်းကန့်ရန်အတွက် အသုံးပြုသော စာရွက်သား ဆလိုက်တံခါး) တံခါး၏ အကျော်တွင် ခမ်းနား ထည်ဝါ တောက်ပသော မီးဆိုင်း မီးပန်းကြီးများ၊ စားပွဲပေါ်မှ အနုပညာလက်ရာမြောက် တောက်ပစွာ ခြယ်သထားသော ပန်းအိုးများကို မြင်ရသည်။

"ခင်ဗျားတော့ မသိဘူး၊ ကျွန်တော်တော့ ခေါင်းတွေ တော်တော် ကိုက်လာပြီဗျ" ဟု အင်တာရိုက ဆိုသည်။

"ငါလဲ တူတူပဲ"

ဤသည်မှာ အင်တာရို၏ အဆိုကို ကြောင်က ပထမဦးဆုံးအနေနှင့် သဘောတူညီမှုပင်။

"ကြည့်ရတာ ကမ္ဘာမှာရှိတဲ့ တန်ဖိုးအရှိဆုံး ဥစ္စာပစ္စည်းတွေကို ဒီနေရာမှာ လာစုထားသလိုပဲ"

အင်တာရိုက ဆက်ပြောသည်။

ကြောင်က အဘိဓမ္မာထဲမှ စကားလုံးများဖြင့် ခွန်းတုံ့ပြန်စကား ဆိုသည်။

"တကယ်တော့ အဲဒီ တန်ဖိုးရှိပါတယ် ဆိုတဲ့ ပစ္စည်းတွေကို သေချာခွဲခြမ်း စိတ်ဖြာကြည့်ရင် ဘာအနှစ်သာရမှ မရှိပါဘူး။ အပြင်ပန်းမှာ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ ကြည့်ရတာ ဘယ်လောက်ပဲ အံ့ဩစရာ ကောင်းကောင်း အပေါ်ယံအလွှာကို ခွာချလိုက်တဲ့အခါ အထဲမှာ ဘာမှ စွဲမက်စရာ မရှိဘူး။ ပရမတ္ထတရားကို မသိခြင်းဟာ အဆိုးဆုံးသော မသိ နားမလည်မှုပဲ"

"ကျွန်တော်တော့ ခင်ဗျားစကားတွေကို လိုက်မမီတော့ပါဘူးဗျာ" ဟု အင်တာရိုက ဆိုသည်။

m g y o e . c o m

mgyoe.com 
SAMPLE BOOK


"ငါက ဒီအတိုင်း ပြောတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစကားတွေက ယေဘုယျဆန်တဲ့ စကားတွေပါပဲ။ ဒီအဖြစ်မျိုးတွေကလဲ အချိန်မရွေး၊ နေရာမရွေး ရိုးအီနေအောင် တွေ့နေရတာကိုး"

"ကျွန်မ အမျိုးသားရဲ့ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာမှု၊ ဉာဏ်ပညာ ထူးချွန်မှုတွေနဲ့ ပြောင်မြောက်လှတဲ့ ဝေဖန် သုံးသပ်နိုင်စွမ်းတွေရဲ့ ပုံရိပ်ကို ထင်ဟပ်စေဖို့ ဒီအိမ်ကြီးကို ဆောက်ခဲ့တာ။ ဒါတွေကို ရှင်တို့ သိနိုင်၊ နားလည်နိုင်လိမ့်မယ် မထင်ဘူး" ဟု အမျိုးသမီးကြီးက ပညာသားပါပါဖြင့် ကြောင်၏ စကားကို ဖြတ်ပြောသည်။

ဟာသပြောတာ ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု အင်တာရို ထင်မိသော်လည်း အမျိုးသမီးသည် ဟာသဉာဏ် ရှိပုံ မပေါ်။ သူတို့ရှေ့မှ ဦးဆောင်ကာ သွားနေသောကြောင့် သူ့မျက်နှာကိုတော့ မမြင်ရချေ။

အိမ်ကြီးထဲသို့ လမ်းလျှောက် ဝင်လာရင်း တစ်ယောက်နှင့် တစ်ယောက်ကြား ဆက်ဆံရေးသည် တင်းမာသည်ထက် တင်းမာလာတော့သည်။ ကော်ရစ်ဒါများ၊ လှေကားထစ်များ၊ ဝရန်တာများ၊ ဂျပန် ရေဆေးပန်းချီများ ကြားမှ ဆင်စွယ်ရောင် ပန်းပုရုပ်တုများ၊ နတ်သမီး ရုပ်တုများ၊ ကတနဓားများ (ဂျပန်ဓားရှည်) စသည်ဖြင့် အရာအားလုံးသည် သာမန်နှင့်မတူ တစ်မူ ထူးခြားနေသည်။ အခန်းတွင်း အပြင်အဆင်၊ အဆင်တန်ဆာများသည် တစ်ခုနှင့်တစ်ခု လိုက်ဖက်မညီ။ အဘယ့်ကြောင့် ထိုကဲ့သို့ ပြင်ဆင်ထားပါသည် ဟူသော အကြောင်းပြချက်လည်း ရှိပုံ မပေါ်ချေ။

သူတို့ လျှောက်လာသည့် လမ်းဦးတည်ရာသည် ကြိမ်ဖန်များစွာ ပြောင်းနေသည်။ ထို့ကြောင့် သူတို့ သည်အိမ်ကြီး၏ အဘယ်သို့သော နေရာတွင် ရောက်ရှိနေသည်ကို မခန့်မှန်းတတ်ကြတော့ပေ။

အတန်ကြာ လျှောက်လာပြီးသောအခါ အမျိုးသမီးက လည်ပြန်လှည့်၍ မေးသည်။

"အဆင်ပြေကြရဲ့လား"

အင်တာရိုနှင့် တက်ဘီကြောင်တို့သည် ခေါင်းကို ညိတ်ပြလိုက်သည်။ ခေါင်းညိတ်ပြရုံမှ လွဲ၍ သူတို့ ဘာမှ မတတ်နိုင်တော့ချေ။

"ကျွန်တော်တို့ကို ပြန်တော့လို့ နှင်ထုတ်မယ် ဆိုရင်တောင် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK


တော့ လမ်းမမှတ်မိလို့ မပြန်တတ်လောက်တော့ဘူး” ဟု အင်တာရီက ကြောင်ကို တိုးတိုးလေး ပြောသည်။

“စာအုပ်ဆိုင် ပိုင်ရှင်ကြီးရေ… စိတ်မပူပါနဲ့၊ ငါလဲ ဒီကနေ ဘယ်လိုပြန်ထွက်ရမလဲ မသိဘူး” ဟု ကြောင်က အင်တာရီကို မော့ကြည့်ပြီး ထုံးစံအတိုင်း အမှန်တရားကို ခပ်ခါးခါး ပြောချပစ်လိုက်သည်။

နောက်ဆုံးတော့ သူတို့ လျှောက်လှမ်းလာသည့် ခရီးရှည်ကြီး၏ ပန်းတိုင်ကို ရောက်လာခဲ့သည်။ အနီရောင်ကော်ဇော ခင်းထားသော ကော်ရစ်ဒါ၏ ထိပ်တစ်ဖက်တွင် ဆလိုက်ဆွဲတံခါး တစ်ခုရှိသည်။ အမျိုးသမီးကြီးသည် တံခါးရှေ့တွင် ရပ်လိုက်သည်။

“ရှင်တို့ရဲ့ စိတ်ရှည် သည်းခံမှုအတွက် ကျေးဇူးတင်ပါတယ်” ဟု အမျိုးသမီးက ဆလိုက်ဆွဲတံခါးကို အသာအယာကိုင်ရင်း ဆိုသည်။ ဆလိုက်တံခါး ပွင့်သွားသည်။ တံခါးအနောက်ဘက်သို့ လှမ်းမြင်လိုက်သောအခါ အင်တာရီ၏ မျက်လုံးများသည် ဇီးကွက်မျက်လုံးများကဲ့သို့ ပြူးကျယ်သွားသည်။

မျက်စိတစ်ဆုံး ကျယ်ဝန်းသော ခန်းမကြီး၊ နံရံ၊ ကြမ်းပြင်၊ မျက်နှာကြက် အားလုံးကို အဖြူရောင် သုတ်ထားသည်။ အပြင်အဆင်သည် ဆွတ်ဆွတ်ဖြူနေသောကြောင့် ခန်းမကြီး၏ အကျယ်အဝန်းကို အင်တာရီ မခန့်မှန်းတတ်။ သူ့စိတ်ထဲရှိတိုင်း အနီးစပ်ဆုံး ပြောရမည် ဆိုလျှင် ဤမျှလောက် ကျယ်ဝန်းလှသော ခန်းမကြီးကို အင်တာရီ ယခင်ယခင်က တစ်ခါမျှ မမြင်ဖူးဟုသာ ပြောတတ်သည်။ မျက်နှာကြက်များသည် ကျောင်းမှ အားကစားခန်းမလောက် မြင့်လိမ့်မည်။ နံရံများသည် အနမတဂ္ဂ ရှည်လျားလှသည်။

ခန်းမကြီးသည် သေသပ်၊ သပ်ရပ်စွာ ပြုလုပ်ထားသော မှန်တံခါးတပ် အဖြူရောင် စာအုပ်စင်များနှင့် ပြည့်နေသည်။ စာအုပ်စင်များသည် အင်တာရီ့ အရပ်ထက် မြင့်သည်။ စာအုပ်စင် တစ်စင်တွင် အရွယ်အစား တူသော စာအုပ်တန်း နှစ်ဆယ်ခန့် ရှိသည်။ စာအုပ်တန်း အရှည်သည် မျက်စိတစ်ဆုံး ရှည်လျားလှသည်။

မည်သို့ပင် ဆိုစေကာမူ စာအုပ်ခန်းမကြီးကို ကြည့်ရင်း အင်တာရီ တအံ့တသြ ဖြစ်မိသည်မှာ စာအုပ်စင်၏ အရွယ်အစားရော အရေအတွက်ပါ မဟုတ်။ စာအုပ်စင်ထဲတွင် ရှိသော စာအုပ်များပင် ဖြစ်သည်။ စာအုပ်စင်များ

mgyoe.com

mgyoe.com

အားလုံးတွင် စာအုပ်များနှင့် ပြည့်နှက်နေသည်။ ဤခန်းမထဲတွင် စာအုပ်စင် မည်မျှရှိသည်၊ စာအုပ်ပေါင်း မည်မျှရှိသည်ကို သူ မခန့်မှန်းတတ်။ သူ သေချာ ပြောနိုင်သည်မှာ ရေတွက်ဖို့ပင် မလွယ်အောင် များပြားသည်ဟုသာ။

"အိုး..."

စာအုပ်စင်တစ်လျှောက် လျှောက်သွားကြည့်ရင်း သူ အသက်ရှူဖို့ပင် မေ့တော့တော့ ဖြစ်နေသည်။ စာအုပ်များသည် ခေတ်အဆက်ဆက်မှ သမိုင်းကြောင်း များ၊ စာပေ၊ ဒဿနိကပညာ၊ ကဗျာ၊ ပေးစာပေါင်းချုပ်၊ ကိုယ်ရေးမှတ်တမ်း အစရှိသည်ဖြင့် အမျိုးစုံအောင် ရှိသည်။ စာအုပ် အရေအတွက်နှင့် စာအုပ်တန်ဖိုး မှာ မခန့်မှန်းနိုင်လောက်အောင် များပြားသည်။

ထို့ပြင် စာအုပ်တိုင်းသည် အသစ်ကျပ်ချွတ်များ ဖြစ်ဟန် တူသည်။ စာအုပ်ထဲတွင် မှတ်သားထားသည်များ မတွေ့ရဘဲ လှလှပပ သန့်သန့်ပြန့်ပြန့် ဖြစ်နေသည်။

"ဒီလောက် စာအုပ် စုစည်းမှုကြီးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး" ဟု အင်တာရိုက ပြောသည်။

"ကြားရတာ ဂုဏ်ယူ ဝမ်းသာမိပါတယ်" ဟု ပြန်ပြောသည့် အသံကို စာအုပ်စင်များ ကြားမှ ကြားလိုက်ရသည်။

စာအုပ်စင်များကို ဖြတ်ပြီး အသံလာရာကို အင်တာရို လိုက်သွားသော အခါ အဖြူရောင်ထိုင်ခုံတွင် ထိုင်နေသော အရပ်ရှည်ရှည်နှင့် လူတစ်ယောက်ကို တွေ့သည်။

ကြမ်းပြင်နှင့် အရောင်အသွေး တူသော အဖြူရောင် ဝတ်စုံကို ဝတ်ထား သည်။ ဆုံလည်ကုလားထိုင်ပေါ်တွင် ခြေချိတ်၍ ထိုင်နေသည်။ သူ့အနီးနားမှ စာအုပ်စင်တွင် စာအုပ်တစ်အုပ်မျှ ထည့်မထားပေ။ တစ်နည်းဆိုရသော် သူတို့ သည် စာအုပ် စတိုခန်း၏ အတွင်းပိုင်းအကျဆုံးသော နေရာသို့ ရောက်နေခဲ့ပြီ။

"ငါ့ကိုယ်ပိုင် စာဖတ်ခန်းကနေ ကြိုဆိုပါတယ်"

လူကြီးသည် အင်တာရိုကို မော့ကြည့်သည်။ သူ့အပြုံးက ချိုသာသော် လည်း အကြည့်များက စူးစူးရှရှ။ အင်မတန် နားလည်ရခက်မည့် ပုံစံမျိုး။

အင်တာရိုက လူကြီးသည် တီဗွီအစီအစဉ်၊ ရေဒီယိုအစီအစဉ်များတွင်

mgyoe.com

m g y o e . c o m SAMPLE BOOK

ပါဝင်သည်ဟု အမျိုးသမီး ပြောခဲ့ဖူးသည်ကို အမှတ်ရမိသည်။ ဤလူကြီးကို မြင်ဖူးသလိုလို ရှိသည်။

"သူ့ကို ကြည့်ရတာ ကိန်းကြီးခန်းကြီး နိုင်ပုံပဲ" ဟု အင်တာရိုက ကြောင်ကို အသံတိုးတိုးနှင့် မပွင့်တပွင့် ပြောသည်။

"မင်းက အဲဒီလောက် လွယ်လွယ်လေးနဲ့ လန့်နေပြီလား၊ စိတ်တင်းထားစမ်းပါဟ"

လူကြီးက အင်တာရိုနှင့် ကြောင်ကြီးကို တစ်လှည့်စီ စူးစူးစိုက်စိုက် ကြည့်သည်။

"စာအုပ်အကြောင်း ဆွေးနွေးစရာ ရှိတယ် ဆိုတာ မင်းလား"

"ဩော်... ဟုတ်... ဟုတ်ကဲ့ဗျ"

အင်တာရို၏ ထစ်ငေါ့ငေါ့နှင့် စိတ်မပါ့တပါ ပြန်ပြောစကားကို ကြားလိုက်ရသောအခါ လူကြီးသည် အေးတိအေးစက်နှင့် မျက်လုံးက အရောင်ထွက်မတတ် အင်တာရိုကို စူးစိုက်ကြည့်သည်။

"စိတ်တော့ မကောင်းပါဘူး ချာတိတ်၊ ငါ မင့်လို ချာတိတ်တစ်ယောက်နဲ့ အာလာပ သလ္လာပ စကားထိုင်ပြောဖို့ အချိန်မရှိဘူး။ အထူးသဖြင့် ကြိုချိန်းမထားဘဲ ရောက်လာတယ်။ ပြီး ရောက်လာတော့လဲ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရမယ် ဆိုတဲ့ လူမှုကျင့်ဝတ်ကိုမှ နားမလည်ဘဲ ငူငူကြီး ရပ်နေတဲ့ မင်းလို ချာတိတ်မျိုးနဲ့ အချိန်ဖြုန်းရလောက်အောင် ငါ မအားဘူး"

"အိုး.... တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်နာမည် အင်တာရိုနာဆူကီပါ" ဟု ကိုယ်နေဟန် အနေအထားကို ပြင်၊ ဦးညွတ်ပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်သည်။

"ကြိုချိန်းမထားဘဲ ရောက်လာရတဲ့အတွက် ခွင့်လွှတ်ပါဗျာ"

"အင်း" ဟု လူကြီးက မျက်လုံးကို မှေးပြီး ပြန်ဖြေသည်။

"ငါ့ကို ပြောဖို့ အရေးကြီးသတင်း ရှိတယ် ဆိုတာ ဘာလဲ။ စာအုပ်တွေနဲ့ ပတ်သက်တဲ့ အရေးကြီးသတင်း ဆိုရင်တော့ ငါ စိတ်ဝင်စားတယ်"

အင်တာရို ဖြေကို ဖြေရတော့မည်။ သို့သော် သူ့တွင် ဘာမျှ ပြောစရာမရှိ။ အရေးကြီးသတင်းက အစတည်းက နတ္ထိ။ သူ ကြောင်ကို အားကိုးတကြီး ကြည့်လိုက်သည်။

m g y o e . c o m

mgyoe.com

"ကျွန်တော်တို့ ဒီကို လာရတဲ့ အကြောင်းအရင်းက ခင်ဗျား အခုလို အကျဉ်းချထားတဲ့ စာအုပ်တွေကို လွတ်လပ်ခွင့် ပေးဖို့ပဲ"

ကြောင်က သူ၏ နှုတ်ခမ်းမွေး ဖြူဖြူများ လှုပ်သွားအောင် ပြောလိုက်သည်။

လူကြီး၏ မျက်လုံးသည် ကြောင်ကို ငုံ့ကြည့်ရင်း ပိုလို့ ကျဉ်းသွားသည်။ သူ့အကြည့်တွင် ခြိမ်းခြောက် အနိုင်ကျင့်ချင်သော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

"ငါ့မှာ အချိန်ပို ဆိုလို့ တစ်မိနစ်လေးတောင် မရှိဘူး။ တီဗွီအစီအစဉ်တွေ၊ ရေဒီယိုအစီအစဉ်တွေမှာ ပါဖို့ ပြင်ဆင်ရဦးမယ်။ ပြီးတော့ ရေးစရာ ဆောင်းပါးတွေလဲ တစ်ပုံကြီး ရှိတယ်။ ဒီစာအုပ်လေးတွေကို ဖတ်ဖို့တောင် ငါ့ ရှိစုမဲ့စု အချိန်တွေထဲက မနည်းခြစ်ခြုတ် ညှစ်ထုတ်ပြီး ယူထားရတာ။ ဒါတွေက ကမ္ဘာ့နေရာအနှံ့က ရှားပါးစာအုပ်တွေကို ငါ စုထားတာ။ မင်းတို့လို ငမိုက်သားတွေနဲ့ စကားပြောဖို့ ငါ့မှာ အချိန်မရှိဘူး"

သူ သက်ပြင်းအရှည်ကြီး ချလိုက်ပြီး လက်ပတ်နာရီကို ကြည့်လိုက်သည်။

"မင်းတို့ ပြောတာကို နားထောင်ရင်းနဲ့ ငါ့ရဲ့ အဖိုးတန်လှတဲ့ အချိန် နှစ်မိနစ် အလကား ဖြုန်းတီးမိသွားပြီ။ ပြောစရာရှိတာ ပြောပြီးသွားရင် ကျေးဇူးပြုပြီး ထွက်သွားပေးပါလား"

သို့သော် ကြောင်က လွယ်လွယ်လေး အလျှော့မပေးပါ။

"ကျွန်တော်တို့ စကားပြောတာ ပြီးမှ မပြီးသေးပဲဗျာ"

"မင်းတို့ကို ထွက်သွားဖို့ ပြောပြီးပြီနော်။ ငါ စာအုပ် ၁၀၀ ဖတ်ဖို့ စီစဉ်ထားတာ၊ ခုမှ ၆၅ အုပ်ပဲ ပြီးသေးတယ်။ ထွက်သွားကြပါတော့ကွာ"

"စာအုပ် အုပ် ၁၀၀ တောင်မှ ဟုတ်လား"

အင်တာရှိ မနေနိုင်ဘဲ မေးလိုက်သည်။

"တစ်နှစ်ကို အုပ် ၁၀၀ တောင်မှ ဖတ်တယ်၊ ဟုတ်လား"

"တစ်နှစ်မှာ အုပ် ၁၀၀ မဟုတ်ဘူး ချာတိတ်" ဟု စာမျက်နှာ နောက်တစ်မျက်နှာကို ခပ်ဖွဖွလှန်ရင်း လူကြီးက ပြန်ဖြေသည်။

"တစ်လ" ဟု ဟိတ်ကြီးဟန်ကြီးနှင့် ပြန်ဖြေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါ့ကြောင့် ငါ သိပ်အလုပ်ရှုပ်နေတာ။ သတင်းထူး ပါလာတယ် ဆိုလို့ မင်းတို့ ရောက်လာတာကို ကြိုဆိုခဲ့တာ။ ဒါပေမဲ့ ငါ သိပ်မှားသွားတယ်။ မင်းတို့ ငါ့အချိန်တွေကို ဆက်ပြီး ဖြုန်းတီးပစ်ဦးမယ် ဆိုရင် ငါ မင်းတို့ကို ဒီထဲကနေ ဆွဲထုတ်ပစ်လိုက်ရလိမ့်မယ်။ မင်းတို့ အပြန်လမ်းကို ပြန်ရှာတတ်ပါ့မလားတော့ မသိဘူး၊ ဒါပေမဲ့ မင်းတို့ဟာ မင်းတို့ လမ်းပဲပျောက်ပျောက် ဘာပဲဖြစ်ဖြစ် ငါ့အပူ မဟုတ်ပါဘူး"

သူ့လေသံသည် အေးစက်နေသည်။ တဒင်္ဂအတွင်း စာရွက်လှန်သံမှလွဲ၍ မည်သည့်အသံမျှ မကြားရတော့အောင် တိတ်ဆိတ်သွားသည်။ တက်ဘီ ကြောင်ကြီးက လူကြီးကို မာန်အပြည့်ဖြင့် ဘုကြည့် ကြည့်နေသော်ငြား လူကြီးက မသိသလို နေနေပုံမှာ ဥဒ္ဒေါင်ရွှေ့သည်နှစ်ယောက် ရှိနေသည်ကို မေ့နေသည့်အလား။

ပြောစရာစကား ရှာမတွေ့သည့်အတွက် အင်တာရီ စာအုပ်စင် တစ်ခုကို အကူအညီမဲ့စွာ ငေးကြည့်နေမိသည်။ လူကြီး၏ စာအုပ်အထားအသိုမှာ အမျိုးစုံသည်။ သို့မဟုတ် စနစ်မကျ။ စာအုပ်စင်များတွင် သာမန်ဖတ်စာ စာအုပ်များ၊ မဂ္ဂဇင်းများ၊ မြေပုံများ၊ အဘိဓာန်စာအုပ်များဖြင့် ရောပြွမ်းနေသည်။ မည်သည့်စာအုပ်ကိုမျှ အစဉ်လိုက် စီထားခြင်း မရှိ။ မျိုးတူစုများဖြင့် ခွဲခြား ထားခြင်း မရှိ။

နာဆူကီ စာအုပ်ဆိုင်တွင်တော့ စာအုပ်ပေါင်းများစွာ ရှိသည်။ သို့သော် အင်တာရီ၏ အဘိုးသည် စာအုပ်များကို အစီအစဉ်တကျ စနစ်တကျ ထားသိုလေ့ ရှိသည်။ ဤလူကြီး၏ စာအုပ်အထားအသိုမှာ ကြည့်ပျော်ရှုပျော် ရှိသော်လည်း သေသေချာချာ ကြည့်သောအခါ အင်မတန် ပရမ်းပတာ နိုင်လှသည်။

အင်တာရီက သက်ပြင်းအရှည်ကြီး ချလိုက်သည်။

"Nietzsche ရဲ့ စာအုပ် အကုန်လုံး ဖတ်ပြီးပြီလားဗျ"

ဟု လူကြီး၏ နောက်မှ စာအုပ်စင်ကို ကြည့်ကာ မေးလိုက်သည်။ (Nietzsche – ဂျာမန် အတွေးအခေါ် ပညာရှင်) Nietzsche ၏ နာမည်ကြီး စာအုပ် တစ်အုပ်ဖြစ်သည့် 'Thus Spoke Zarathustra Nietzsche' စာအုပ် အပါအဝင် အခြားသော သူ့စာအုပ်များကို တန်းစီထားသည်ကို စာအုပ်စင်၏ မှန်မှတစ်ဆင့် မြင်နေရသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"Nietzsche ကို ကျွန်တော်လဲ ကြိုက်တယ်" ဟု အင်တာရိုက ထပ်ပြောသည်။

"Nietzsche ကို ကြိုက်တယ်လို့ ပြောတဲ့ လူတွေကတော့ တစ်လောက လုံးမှာ ရိုက်သတ်လို့တောင် မကုန်ပါဘူးလေ။ ဒါပေမဲ့ သူ ထွက်သမျှ စာအုပ် တွေကို ဖတ်ပြီးတဲ့လူ ဆိုတာ တစ်လောကလုံးမှာ လူနည်းနည်းပဲ ရှိမယ်။ တချို့ဆိုရင် Nietzsche ရဲ့ နာမည်ကြီးတဲ့ စာကြောင်း တစ်ကြောင်း နှစ်ကြောင်း လောက်ကိုပဲ အလွတ်ကျက်ပြီး ကြွယ်ကြတယ်။ တချို့ကတော့ အကျဉ်းချုပ် ရေးထားတဲ့ စာအုပ်လေးတွေ ဖတ်ပြီး လေကျယ်ကြတယ်။ မင်းကလဲ အဲဒီလို လူမျိုးထဲကပဲ မဟုတ်လား"

အင်တာရိုက ချက်ချင်းပင်–

"ယခုခေတ်တွင် ပညာရှင်ဟု ဆိုသူများသည် ကိုယ်တိုင်ဉာဏ်ဖြင့် တွေးခေါ် ဆင်ခြင်မှုမျိုးကို မလုပ်တော့ဘဲ စာအုပ်ထဲတွင်သာ မှတ်သားထားရင်း ကိုယ်ပိုင် တွေးခေါ်ဉာဏ်များ လျော့ပါးလာသည်။ စာအုပ်ထဲတွင် အမှတ်အသား ပြုမထားသူတို့ကို အတွေးအခေါ် ဆင်ခြင်ဉာဏ် နည်းပါးသူများဟု အလွယ် မှတ်သားနိုင်သည်"

လူကြီးသည် စာအုပ်ကို ငုံ့ဖတ်ရာမှ ခေါင်းထောင်လာသည်။

"Nietzsche က ဒွဲ(တဲ့) သမား" ဟု အင်တာရိုက ကပျာကယာ ဆက် ပြောသည်။

"ဒွဲ့ကြောင့် ကျွန်တော် သူ့ကို ကြိုက်တာ"

လူကြီးက တုတ်တုတ်မျှ မလှုပ်ဘဲ သူ့ကို ကြောက်နေပုံ ပေါက်သည့် ချာတိတ်လေးကို ထိုင်ကြည့်နေသည်။ သူ့မျက်လုံးထဲတွင် အထင်သေးသည့် အရိပ်အယောင်များဖြင့် ပြည့်နှက်နေသော်လည်း မသိစိတ်တွင်တော့ စိတ်ဝင် စားမှု အရောင်များ လက်နေသည်။ နောက်ဆုံးတွင်တော့ သူ စာအုပ်ကို ပိတ်လိုက် သည်။

"ဟုတ်ပြီ ချာတိတ်၊ မင်းကို ငါ့ရဲ့ ရှားတောင့်ရှားပါးထဲက အချိန် နည်းနည်း ဖဲ့ပေးမယ်"

သူတို့ကြားမှ ဆက်ဆံရေးသည် အနည်းငယ် ပျော့ပျောင်းလာသယောင် ဖြစ်လာသည်။ ကြောင်က အင်တာရိုကို မထင်မှတ်ဘဲ အထင်ကြီးလိုက်ရသည့်

mgyoe.com

mgyoe.com SAMPLE BOOK


မျက်လုံးများဖြင့် ကြည့်နေသည်။ သို့သော် အင်တာရိုခမှာတော့ သူ့ ကြောင်သော်ဒါ ဘက် လှည့်မကြည့်နိုင်သေးပေ။ လူကြီး၏ ခက်ထန်သော မျက်နှာပေးကို ပြောင်း သွားအောင် ဆက်လက် တိုက်ပွဲဝင်ရပေဦးမည်။ သူ့အသံကို မြှင့်လိုက်သည်။

"ကျွန်တော်တို့ ဒီကို လာရတဲ့ အဓိက အကြောင်းအရင်းက ခင်ဗျား ဆီမှာ အကျဉ်းစံနေရတဲ့ စာအုပ်တွေ အများကြီးရှိတယ် ဆိုတာ ကြားထားလို့ပဲ"

"သူများ ပြောတိုင်း လျှောက်မယုံသင့်ဘူး ချာတိတ်။ အခု မင်း ကိုယ်တိုင်ပဲ ကြည့်လေ၊ ငါ့ဆီမှာ ငါ ဖတ်ပြီးသား စာအုပ် တစ်အုပ်စီပဲ ရှိတယ်။ ပြီးတော့ ငါက ဒီစာအုပ်တွေကို သေသေချာချာ ဂရုစိုက်တယ်"

"ခင်ဗျား ဖတ်ပြီးသား စာအုပ် တစ်အုပ်စီ၊ ဟုတ်လား။ ဒီမှာ ရှိတဲ့ စာအုပ်တိုင်းကို ခင်ဗျား ဖတ်ပြီးပေါ့ ဟုတ်လား"

"ဒါပေါ့"

သူ ခန်းမတစ်ခုလုံးကို လက်နှစ်ဖက် ဆန့်တန်းပြီး ဝှေ့ဝဲပြသည်။

"မင်း ဝင်လာခဲ့တဲ့ တံခါးဘေးမှာ ရှိတဲ့ ပထမဆုံး စာအုပ်စင်က စပြီး အခု မင်း ထိုင်နေတဲ့ နေရာအထိ စာအုပ် အားလုံးပေါင်း ငါးသောင်း ခုနစ်ထောင့် ခြောက်ရာ နှစ်ဆယ့်နှစ်အုပ် ရှိတယ်။ အဲဒီစာအုပ် အားလုံးကို ငါ ဖတ်ပြီးပြီ"

"ငါးသောင်း ခုနစ်ထောင်——"

လူကြီးက ခနဲ့ပြုံး ပြုံးလိုက်သည်။

"မင်း ဖြုံသွားပြီ မဟုတ်လား၊ အခုခေတ်မှာ ငါ့လို အသိပညာ ကြွယ်ဝ တဲ့ ခေါင်းဆောင်တွေဟာ စာကို အဆက်မပြတ် ဖတ်နေရတာပဲ။ အတွေးအခေါ် တွေ ပိုကောင်းလာအောင် အသိဉာဏ်ပညာတွေ ပိုကြွယ်လာအောင် စာဖတ် ကြတာ။ အခုချိန်မှာ ငါ ဒီလို အောင်မြင်လာတာ စာအုပ်တွေကြောင့်ပဲ။ စာအုပ် တွေက ငါ့အတွက် အကောင်းဆုံး မိတ်ဆွေတွေပဲ။ ဒါ့ကြောင့် မင်းတို့ နှစ်ယောက် ရဲ့ 'စာအုပ်တွေကို အကျဉ်းချထားတယ်' ဆိုတဲ့ မှားယွင်းတဲ့ စွပ်စွဲချက်ကို ငါ အင်မတန် စိတ်ပျက်မိတယ်"

လူကြီးက မျက်နှာထား တင်းတင်းနှင့် ခြေချိတ်ထားခြင်းကို ဖြုတ် လိုက်ပြီး အင်တာရိုကို ကြည့်လိုက်သည်။ ဘဝင်လေဟပ်နေသည့် တစ်ကိုယ် ကောင်းဆန်သူ တစ်ယောက်ထံမှ ခပ်နှိမ်နှိမ် အကြည့်ကြောင့် အင်တာရို ထိုနေရာတွင်ပင် အမှုန့်အဖြစ် ပျောက်ကွယ်လုနီးပါး ဖြစ်လာသည်ဟု ခံစားနေ

mgyoe.com

mgyoe.com

SAMPLE BOOK


ရသည်။ ထိုကဲ့သို့ အလွယ်တကူ ပျောက်ကွယ်မသွားသည့်တိုင် သူ အမှန်တကယ်ပင် ဦးနှောက်ခြောက်လှပြီ။

"ဒါဆို ဘာဖြစ်လို့ စာအုပ်တွေကို ဒီလိုကြီး ထားရတာလဲဗျ"

စာအုပ်စင်မှ မှန်များကို သော့ခတ်ကာ ပိတ်ထားသည်။ အင်တာရိုက ကြောင်ပြောသည့် "စာအုပ်တွေကို အကျဉ်းချထားတယ်" ဆိုသည့် စကားကို သူ ယခုအထိ အပြည့်အဝ နားမလည်သေးပေ။ သို့သော်ငြားလည်း စာအုပ်များကို ဤကဲ့သို့ အလှပြထားသည်မှာ မဖြစ်သင့်ဟုတော့ သူ အသေအချာ သိသည်။ စာအုပ်စင်တွင် စာအုပ်များ သေသေသပ်သပ် စီစီရီရီ စီထားသည်မှာ လှပါသည်။ သို့သော် စာအုပ်ထားသိုပုံကတော့ အင်မတန် ရှုပ်ထွေးလှသည်။

"ခင်ဗျား စာအုပ်ကို ချစ်ချင်ယောင် ဆောင်နေတာ" ဟု အင်တာရိုက ပြောသည်။

လူကြီးက မျက်မှောင်ကြုတ်သွားသည်။

"ဒီစာအုပ်တွေက ငါ့အတွက် သိပ်အရေးကြီးတာ။ ငါ စာအုပ်တွေကို ချစ်တယ်၊ မြတ်နိုးတယ်။ ငါ စာအုပ်တွေကို ချစ်ချင်ယောင် ဆောင်တာလို့ မင်းက ဘာ့ကြောင့် စွပ်စွဲနေရတာတုံး"

"ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျားက စာအုပ်တွေကို ပြတိုက်မှာ ပြထားတဲ့ ပစ္စည်းတွေလို သဘောထားလို့ပဲ။ စာအုပ်တွေကို စာအုပ်စင်ထဲ ထည့်ပြီး သော့အကြီးကြီး ခတ်ထားတယ်။ အဲဒီစာအုပ်တွေဟာ ခင်ဗျားစာအုပ်တွေလို့ ဆိုပေမဲ့ ခင်ဗျား ဖတ်ချင်တဲ့ စာအုပ်ကို ပြန်ရှာနိုင်မှာ မဟုတ်ဘူး"

"ပြန်ရှာမယ် ဟုတ်လား၊ ဘာဖြစ်လို့ ငါက စာအုပ်တွေကို ပြန်ရှာရမှာလဲ၊ ငါ အဲဒီစာအုပ် အားလုံးကို ဖတ်ပြီးသားပဲ"

အင်တာရိုသည် ထိုလူကြီးကို ပို၍ အံ့သြလာသည်။

"စာအုပ်တွေကို တစ်ခါတည်း ဖတ်တာလား၊ နောက်တစ်ခေါက် ပြန်မဖတ်တော့ဘူးလား"

"နောက်တစ်ခေါက် ပြန်ဖတ်တာ ဟုတ်လား၊ ငါက ရူးနေလို့ ပြန်ဖတ်ရမလားဟ"

စကားပြောဆိုသံများသည် ခန်းမထဲတွင် ပဲ့တင်ထပ်နေသည်။

လူကြီး၏ လက်ရှည်ကြီးများသည် သူ့အနီးနားတွင် ရှိသော စာအုပ်စင်တွင် တပ်ထားသည့် မှန်များကို အသာအယာ ကိုင်ထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါဆို ခင်ဗျား ဖတ်ပြီးသား စာအုပ်တွေကို တစ်ခါမှ နောက်တစ်ခေါက် ပြန်မဖတ်ဖူးဘူးပေါ့၊ ဟုတ်လား" ဟု အင်တာရှိက ထပ်မေးသည်။

"မဖတ်ပါဘူး"

လူကြီးက ဟန်မဆောင်နိုင်အောင် တုန်လှုပ်သွားပုံပင်။ သူ ခေါင်းခါလိုက်သည်။

"ခု မင်း ပြောလိုက်တဲ့ စကားရဲ့ အဓိပ္ပာယ်ဟာ ငါတစ်သက်လုံး ကြိုးစားဖတ်ခဲ့သမျှ အရာအားလုံးဟာ ဘာအကျိုးမှ မရှိတော့ဘဲ သဲထဲရေသွန်သလို ဖြစ်သွားသလိုပဲ။ မင်း ငယ်သေးလို့ ကလေးဉာဏ်နဲ့ ဒီလို ပြောတာပဲ။ တစ်ကမ္ဘာလုံးမှာ စာအုပ်တွေမှ ဖတ်မကုန်အောင် ရှိတယ် ဆိုတာ မင်း လက်ခံလား။ ထွက်ပြီးသား စာအုပ်တွေ၊ ရေးလက်စ စာအုပ်တွေ ဆိုတာ ရေတွက်လို့ကို မကုန်နိုင်အောင်ပဲ။ ဒါကိုတောင်မှ ငါက နောက်တစ်ကြိမ် ထပ်ဖတ်ရဦးမယ် ဟုတ်လား၊ စိတ်ကူးနဲ့တောင် မဖြစ်နိုင်ဘူး ချာတိတ်ရေ"

လူကြီး၏ ဟန်ပါပါဖြင့် ပြောသော စကားလုံးများသည် ခန်းမအတွင်း လိုဏ်သံ ထွက်သွားသည်။ အင်တာရှိ ခေါင်းမူးလာပြီး အနည်းငယ် အော်ဂလီဆန်လာသည်။

"ကမ္ဘာကြီးမှာ စာဖတ်သူတွေနဲ့ ပြည့်နှက်နေတယ်"

လူကြီးက ဆက်ပြောသည်။

"ငါ ဖြစ်ချင်တဲ့ စာဖတ်သူ ဆိုတာ သာမန် စာဖတ်သူတွေထက် စာအုပ်တွေ အများကြီး ဖတ်ထားတဲ့ အဆင့်မြင့် စာဖတ်သူပဲ။ စာအုပ်ရေ နှစ်သောင်းကို ဖတ်ထားတဲ့ စာဖတ်သူဟာ အုပ်ရေ တစ်သောင်းကို ဖတ်ထားတဲ့သူထက် ပိုပြီး တန်ဖိုးရှိတယ်လေ။ ဒါ အသိသာကြီးပဲကို။ ဖတ်စရာ စာအုပ်အသစ်တွေ တောင်ပုံရာပုံ ရှိနေတာကို မင်းက ဖတ်ပြီးသား စာအုပ်တွေကို အချိန်ကုန်ခံပြီး ဘာဖြစ်လို့ ပြန်ဖတ်နေဦးမလဲ။ တကယ်တော့ ဒါဟာ မေးစရာကို မလိုတဲ့ မေးခွန်းပဲ"

လူကြီး၏ မှေးထားသော မျက်လုံးများမှာ တလက်လက် ထနေသည်။ ထိုတလက်လက်ထမှုများသည် မိမိကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲခြင်းမှ မြစ်ဖျားခံလာကာ ရူးသွပ်သွားဖို့ လက်တစ်လုံးအလို အဆင့်တွင် ရှိနေပေပြီ။

ပြောချင် ဆိုချင်စိတ် ကုန်နေသဖြင့် အင်တာရှိ လူကြီးကို ငြိမ်ငြိမ်လေး ကြည့်နေသည်။

mgyoe.com